


# ပြုံးမယ်များကြုံရင် စဉ်းစားပါဦး

## တောဒေယျပုဏ္ဏား

၂၄၆

ဟောကြားသည့်နေ့
၅ - ၅ - ၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၇) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# ပြုံးမယ်များကြံ့ရင်၊ စဉ်းစားပါဦး

## (တောဒေယျပုဏ္ဏား)

ဟောကြားသည့်နေ့ (၅-၅-၆၁)

အဝိဇ္ဇာဆိုတာ ဘာပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် အကျဉ်းချုပ်တော့ အဝိဇ္ဇာဆိုတာ သစ္စာလေးပါးမသိတာလို့ မှတ်ထားလိုက်ကြစမ်းပါ။ အကျယ်ချဲ့ပြီးသကာလ ဘုရားဟော တော်မူတာကို အရှင်ဘုရားပြောပါဆိုလို့ရှိရင်ဖြင့် မသိကောင်း တာကို သိတာ အဝိဇ္ဇာ။ သိကောင်းတာ မသိတာ အဝိဇ္ဇာ သေသေချာ ချာမှတ်ပါ . . . (မှန်ပါ)။

**အဝိဇ္ဇာဆိုတာ**

မသိကောင်းတာကို သိတာက. . . (အဝိဇ္ဇာပါ) သိ

ကောင်းတာကို မသိတာက. . . (အဝိဇ္ဇာပါ)၊ ဪ. . . တယ် ဆိုးတဲ့တရားပါကလားဆိုတာ ပေါ်လာကြပြီလား. . . (ပေါ်လာ ပါပြီ)။

ဘယ်လောက်အရုပ်ဆိုးတဲ့တရားလဲဆိုတာ ဒကာ ဒကာမတို့ သိရောပေါ့ဗျာ. . . (သိပါပြီဘုရား) မသိကောင်းတာ ကျတော့ သူက သိလိုက်တာလွန်လို့။ သိကောင်းတာကျတော့ လည်း လုံးဝမသိဘူးဆိုတော့ အင်မတန်အရုပ်ဆိုး အကျည်းတန် ပြီးသကာလနေတဲ့တရားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကသော်လည်းကောင်း၊ ဘုရား၏တပည့်သားများကသော်လည်း ကောင်း၊ ကယ်တင်မှုမရှိလို့ရှိရင်ဖြင့် မသိကောင်းတာကိုသိနေပြီး သိကောင်းတာကို လုံးဝရှောင်ကွင်းလိမ့်မယ်လို့ မှတ်ထားကြစမ်း ပါ. . . (မှန်ပါ)၊ ဘယ်လောက်ဆိုးတဲ့တရားလဲဆိုတာ ပေါ်ကြပြီ လား. . . (ပေါ်ပါပြီဘုရား)။

## မသိကောင်းတာသိတာ

ကောင်းပြီ- ဒါဖြင့် အခု ထင်ထင်ရှားရှားပြောကြပါစို့ ဆိုရင်ဖြင့် ဥပမာ- ငါးတွေထောင်တဲ့ ပိုက်ကွန်တွေဘာတွေ၊ ငါးကို မမိ-မိအောင် ဖမ်းနိုင်တဲ့ခဲတွေ ဘာတွေဆွဲပြီးသကာလ ပိုက်တွေဘာတွေ ထိုးကြတဲ့ ဒီဉာဏ်တွေဟာ ကိုစောမောင် မသိ ကောင်းတာကို သိထားတာ. . . (မှန်ပါ)။ သဘောကျပြီလား

. . . (ကျပါပြီ)။ အဲဒါ ဘာခေါ်ကြမယ်. . . (အဝိဇ္ဇာပါဘုရား)။

အခု အနောက်နိုင်ငံမှာဖြစ်နေတဲ့ အဏုမြူတွေဟာ သတ္တဝါတွေသေရာသေကြောင်းကို သူတို့ခတ်တွေ ဖမ်းနိုင်တယ်ဆိုတဲ့ ဥစ္စာတွေဟာ မသိကောင်းတာသိထားတာ. . . (မှန်ပါ)။ အဲဒါကို ဘာဆိုကြမလဲ. . . (အဝိဇ္ဇာပါဘုရား)။

အဲဒီတော့ အဝိဇ္ဇာဟာ ဒကာ ဒကာမတို့ သူကြီးပွားလာတယ်ဆိုတာဟာ မောင်နိုင်တို့ ကိုစံလှတို့ အထူးပြောဖို့မလိုတော့ဘူး. . . (မှန်ပါဘုရား)။

## သာသနာတော်ဆုတ်လေ၊ လောကခတ်ထက်လေ

ဘုရားသာသနာတော်ကြီး ဆုတ်ဆုတ်-ဆုတ်ဆုတ်သွားလေလေ ခင်ဗျားတို့ ကျုပ်တို့အပေါ် လောကခတ်က ထက်လေလေဆိုတာ သဘောကျကြပြီလား. . . (ကျပါပြီဘုရား)။

အဝိဇ္ဇာတည်းဟူသောတရား ထက်မြက် ထက်မြက်လာတာတွေလို့ သေသေချာချာမှတ်ပါ. . . (မှန်ပါ)။ သူတို့အနောက်နိုင်ငံသားတွေဟာ တယ်ပြီးဉာဏ်ကောင်းတယ်လို့ ဒီလိုမယူလိုက်ပါနဲ့ မောင်နိုင်. . . (မှန်ပါ)။ မသိကောင်းတာကို သိတာဘာခေါ်ကြမယ်. . . (အဝိဇ္ဇာပါဘုရား)၊ အဲ. . . ရှေးက လူသတ်ဖို့ကို ဒါလောက် ထက်ထက်မြက်မြက် သူတို့သိပါရဲ့လား

. . . (မသိပါဘူး)။ အခုတော့ အဏုမြူတွေဖမ်းပြီးသကာလ ကောင်းကင်ကနေပြီး ဗုံးထဲထည့်ခွဲရလို့ရှိရင်ဖြင့် မည်သူမှ မကျန်ဘူး။ အကုန်သေနိုင်တယ်ဆိုတဲ့ ဉာဏ်ဟာ ကိုစောမောင် ရသွားပြီ . . . (မှန်ပါ)။ ဒါဟာ သာသနာနောက်ဆုတ်တယ်ဆိုတဲ့ အကြောင်းကိုလည်း ခင်ဗျားတို့အခု အမြင်အထင်အားဖြင့် မသိကောင်းတာသိတဲ့ အဝိဇ္ဇာ ထက်မြက်လာတယ်ဆိုတာသာ ကြည့်ကြပေတော့ . . . (မှန်ပါ)။ပေါ်ကြပြီလား. . . (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် မသိကောင်းတာ သိတာကိုဘာခေါ်ကြမယ်. . . (အဝိဇ္ဇာပါ)။

## ကံကောင်းအကြောင်းသင့်လို့

သိကောင်းတာ မသိတာကတော့ဖြင့် သစ္စာသိမှ နိဗ္ဗာန်ရောက်မှာ။ သစ္စာကျတော့ အခု ဒီမှာ ဆရာကောင်း သမားကောင်းတွေ့လို့သာ ကြားကြ သိကြရသေးတာကိုး ကိုစောမောင် . . . (မှန်ပါ)။ တချို့နေရာမှာ ရှိလိမ့်မယ်များ ကိုစောမောင် ထင်သလား . . . (မထင်ပါဘူးဘုရား)။ မထင်နဲ့တော့ ကွယ်ကိုနေပါတယ် . . . (မှန်ပါ)။

အဲဒါ အင်မတန်ကံကောင်း အကြောင်းသင့်ပြီး ကိုစံလှတို့ ကြုံကြဆုံကြတယ် မှတ်ရမယ်နော် . . . (မှန်ပါ)၊ သိကောင်းတာကို ကျုပ်တို့သိရသေးတယ် . . . (မှန်ပါ)။

အနောက်နိုင်ငံတွေ ဘာတွေမှာဆိုတော့ အခု အပြိုင်အဆိုင်လုပ်နေကြတာသည် မသိကောင်းတာသိဖို့ ကြိုးစားနေကြတာ . . . (မှန်ပါ)၊ သဘောပါကြပြီလား. . . (ပါပါပြီ)။

ဒါဖြင့် အဝိဇ္ဇာသည်ကားလို့ဆိုရင် ယနေ့ပြောတဲ့ အဓိပ္ပါယ်ဟာ မသိကောင်းတာသိတာ အဝိဇ္ဇာ၊ သိကောင်းတာကို မသိတာလဲ. . . (အဝိဇ္ဇာပါဘုရား)။

## မိစ္ဆာဉာဏ်လို့မှတ်

ဩော်. . . အဝိဇ္ဇာဟာ တယ်စွမ်းရည်သတ္တိထက်ပါလားဆိုတော့ သေသေချာချာခင်ဗျားတို့မှတ်ကြတော့။ အတိုကောက်နာမည်နဲ့ပြောလိုက်တယ်၊ မိစ္ဆာဉာဏ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (မိစ္ဆာဉာဏ်ပါဘုရား)၊ မိစ္ဆာဉာဏ်လို့ ဒကာ ဒကာမတွေက မှတ်လိုက်တော့ အခု ကျောက်တွေ ဘာတွေ အမျိုးမျိုး အဖုံဖုံ ရောင်းကြဝယ်ကြ ပယောဂတွေ ဝင်ပြီးသကာလ ဉာဏ်ကွန့်ပြီး လုပ်ကြံကိုင်ကြတာတွေလည်း ရှိသေးတာပေါ့။ ဒါတွေလည်း ဘာဉာဏ်လို့ခေါ်ကြမလဲ. . . (မိစ္ဆာဉာဏ်ပါဘုရား)။ မိစ္ဆာဉာဏ်ဆိုတော့ တရားကိုယ်ကောက်လိုက်တော့ မသိကောင်းတာ၊ မလုပ်ကောင်းတာကို လုပ်တတ်တဲ့ အဝိဇ္ဇာပဲ. . . (မှန်ပါ)။ သိကောင်းတာ လုပ်ကောင်းတာကိုတော့

မသိ၊ မလုပ်တတ်တာဘဲလို့ ကိုစံလှ သေသေချာချာမှတ်စမ်းပါ . . . (မှန်ပါ)။ အဝိဇ္ဇာ၏ စွမ်းရည်သတ္တိပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။

## မိစ္ဆာဉာဏ်ဆိုတာ အဝိဇ္ဇာ

ဩော်. . . တယ်ဆိုးပါကလား. . . ဒကာ ဒကာမတို့။ ဒီလိုပြောလိုက်ရင် ဒီလိုဆိုလိုက်ရင် ဒီလူဟာပါလာရဲ့။ ဒီလို ရောင်းသွားတယ်၊ ဒီလိုဝယ်သွားတယ်ဆိုတဲ့ဉာဏ်တွေဟာလည်း ကိုစောမောင် ဘာထင်သတုံး. . . ( အဝိဇ္ဇာပါဘုရား)၊ မိစ္ဆာဉာဏ် လေဗျာ။ မိစ္ဆာဉာဏ်ဆိုတာကတော့ အဝိဇ္ဇာပဲမဟုတ်လား. . . (မှန်ပါ)၊ ဒါတွေက မထွန်းကားဘူးလား၊ ထွန်းကားသလား၊ အကဲ ခတ်ကြပါ . . . (ထွန်းကားပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မသိကောင်းတာ သိတာက ဘာခေါ်ကြမယ်. . . (အဝိဇ္ဇာပါ)။ သိကောင်းတာ မသိတာက ကော. . . (အဝိဇ္ဇာပါပဲ)။ **အဝိန္ဒိယံ ဝိန္ဒတိ ဝိန္ဒိယံ နဝိန္ဒတိကိ အဝိဇ္ဇာ**လို့ ဟောထားပြန်တော့ မသိကောင်းတာ သိတာ အဝိဇ္ဇာ၊ သိကောင်းတာကို မသိတာ အဝိဇ္ဇာဆိုတော့ ကျုပ်တို့ ခင်ဗျား တို့မှာ ဒီလူစုလောက်ပဲ သိကောင်းတာသိနေသေးတာကိုးဗျ။ ဒီပြင်ဟာတွေကဖြင့် လောက၌ လည်တယ်ဆိုတာ ကိုစောမောင် အကဲခတ်လိုက်စမ်းပါ။ မသိကောင်းတာ သိတာချည့်ပဲ. . . (မှန်ပါ)။

## လူချီးမွမ်းခံနေရတယ်

လောကမှာ သူများမျက်ခုံးမွေးပေါ်မှာ လမ်းလျှောက်သွားနိုင်တယ်ဆိုတဲ့ ဉာဏ်တွေဟာ ဘာခေါ်ကြမလဲ။ (မသိကောင်းတာ သိတာပါဘုရား)။ မသိကောင်းတာသိတော့ တရားကိုယ် ကောက်လိုက်တော့ ဘာရသတုံး. . . (အဝိဇ္ဇာပါဘုရား)။ အဲဒီ အဝိဇ္ဇာသမားတွေဟာ ယခုအခါမှာ မောင်နိုင်တို့ လူချီးမွမ်းခံနေရတယ်. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)။

ဘာသမားကို လူချီးမွမ်းနေကြသတုံး. . . (အဝိဇ္ဇာသမားကို ချီးမွမ်းနေကြပါတယ်)။ ချီးမွမ်းတဲ့သူကလည်း ဒကာ ဒကာမတွေ။ သူကလည်း အဝိဇ္ဇာသမားပဲ . . . (မှန်ပါ) ဟိုကလည်း သူ့ထက် ထက်တဲ့ အဝိဇ္ဇာနဲ့ လမ်းသွားနေတယ်လို့ ကိုစောမောင်ဆိုလိုက်ပါတော့ . . . (မှန်ပါ)။ ချီးမွမ်းတဲ့လူကလည်း အဝိဇ္ဇာနဲ့ မသိလို့ ချီးမွမ်း တာပဲမဟုတ်လား. . . (မှန်ပါ)။ ထိုပုဂ္ဂိုလ်ကလည်း သူ့ထက် ထက်တဲ့အဝိဇ္ဇာနဲ့ သူများမျက်ခုံးမွေးပေါ် စင်္ကြံလျှောက်သွားနေတယ်ဆိုတဲ့ဥစ္စာလည်း လက်ခုပ်တီးတဲ့လူလည်း လူအပဲ အဝိဇ္ဇာပဲ။ ဟိုပုဂ္ဂိုလ်ကလည်း သူ့ဟာနဲ့သူ ဘဝင်မြင့်နေတာကလည်း ဘာဆိုကြမလဲ. . . (အဝိဇ္ဇာပါ)။

ဘယ်လောက်များကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပြီလား ဒကာ ဒကာမတို့. . . (ပေါ်ပါပြီဘုရား)။ အဝိဇ္ဇာ

၏ စွမ်းရည်သတ္တိဟာ မှောင်မိုက်လွန်းအားကြီးလို့ အမိုက်မှာ ထက်မြက်လွန်းလို့ အားလုံးပဲ ကိုပေါ်တို့လူစု ပြောလို့မကုန် အောင်ဘဲ သူ့အဓိပ္ပါယ်ဟာများပါတယ်. . . (မှန်ပါဘုရား)။ ဘယ်လောက်ဆိုးတဲ့ တရားဆိုတာ သိကြပြီလား ဒကာ ဒကာမ တို့. . . (သိပါပြီဘုရား)။

## မုဆိုးမွေးထားတဲ့သမင်မ

အဲဒီတော့ ဒီအဝိဇ္ဇာလက်အောက်မှာ ဒကာ ဒကာမ တွေကနေကြတော့ အဝိဇ္ဇာဟာ မုဆိုးမွေးထားတဲ့ ယဉ်နေတဲ့ တောသမင်မနဲ့တူတယ်တဲ့. . . (မှန်ပါ)။ ဒကာ ဒကာမတို့ မုဆိုး မွေးထားတဲ့ ယဉ်ကျေးနေတဲ့ တောသမင်မနဲ့တူတယ်တဲ့ . . . (မှန်ပါ)။

## မုဆိုးဆိုတာကသေမင်း

ဒီတော့ သမင်မက-သမင်မလည်းဖြစ်ပြီးသကာလ နေပြန်တော့ မုဆိုးကလည်း မွေးထားပြန် . . . (မှန်ပါ)၊ မုဆိုးဆို တာက သေမင်းလို့မှတ်လိုက်ကြစမ်းပါ. . . (မှန်ပါ)၊ သမင်မက အဝိဇ္ဇာပါပဲ. . . (မှန်ပါ)။

အဲဒီ သမင်မနဲ့တူတဲ့ အဝိဇ္ဇာက ဒကာ ဒကာမတို့ တော ထဲမှာ သမင်တွေကို ဖြားယောင်းပြီးသကာလ မုဆိုးရှိရာကိုခေါ်

ခေါ်လာတာပဲ . . . (မှန်ပါ)၊ မုဆိုးရှိရာခေါ်လာတော့ မုဆိုးသည် ပင်ပင်ပန်းပန်းနဲ့ သတ်ဖို့ဖြတ်ဖို့ ဖြစ်ရသေးသလား . . . (မဖြစ်ရပါဘူး)၊ လွယ်လွယ်ကူကူနဲ့ပဲ သတ်ဖို့ ဖြတ်ဖို့ ဖြစ်မလား . . . (ဖြစ်ပါတယ်ဘုရား)။

## အဝိဇ္ဇာက အောင်းသမင်မ

ဒီမှာလည်း ဇရာ၊ မရဏဆိုတဲ့ သေမင်းနှစ်ယောက်ဆီသို့ အဝိဇ္ဇာတည်းဟူသော အောင်းသမင်းမက ဒကာ ဒကာမတို့ သံသရာတည်းဟူသော ကျော့ကွင်းတွေထဲ မတိုး တိုးအောင် လုပ်လိုက်ပါတယ်. . . (မှန်ပါ)။

သံသရာနှစ်ခုက ဘာနဲ့တူသတဲ့. . . (ကျော့ကွင်းနဲ့တူပါတယ်)၊ အဝိဇ္ဇာက အောင်းသမင်မနော် . . . (မှန်ပါ)။ ဇရာ မရဏက မုဆိုးနော်. . . (မှန်ပါ)။ သံသရာနှစ်ခုကျော့ကွင်းထဲကို မဝင် ဝင်အောင် အောင်းသမင်မက ဖြားယောင်းပြီးသကာလ ပို့တယ်. . (မှန်ပါ)။

## ကုသိုလ်ကျော့ကွင်း၊ အကုသိုလ်ကျော့ကွင်း

ထိုကျော့ကွင်းနှစ်ခုထဲတော့ ကုသိုလ်ကျော့ကွင်းထဲဝင်လည်း ခန္ဓာရလို့သေပွဲဝင်မှာပဲ. . . (မှန်ပါ)၊ အကုသိုလ်ကျော့ကွင်းထဲဝင်တော့. . . (ခန္ဓာရလို့ သေပွဲဝင်မှာပါပဲ)။ ကြောက်စရာကြီးပါလား ဒကာ ဒကာမတို့ . . . (မှန်ပါ)။

ဒါ အလင်းကိုပြချင်လို့ ဩော်. . . တယ်ဆိုးနေပါက လားဆိုတာ ပေါ်အောင်လို့ မောင်နိုင်ပဏ္ဏာသကထုတ်ပြီး ပြော နေတယ်. . . (မှန်ပါ)၊ ကိုစောမောင် ဒါ ဘယ်လောက်ဆိုးသတုံး . . . (ဆိုးပါတယ်ဘုရား)။

## အောင်းသမင်မက ဖြားယောင်းလာ

ဒကာ ဒကာမတို့ အဝိဇ္ဇာကဘာတဲ့. . . (အောင်း သမင်မနဲ့တူပါတယ်)၊ သင်္ခါရနှစ်ခုက မုဆိုးထောင်ထားတဲ့ ကျော့ ကွင်းနှစ်ခုနဲ့တူတယ် . . . (မှန်ပါ)၊ အောင်းသမင်မက ဖြားယောင်း လာလို့ရှိရင် ဒီကျော့ကွင်းတော့ဖြင့် တိုးမိတော့မှာပဲ. . . (မှန်ပါ)၊ တိုး မိလို့ရှိရင် ပုထုဇဉ်မိုက်နဲ့တူတဲ့ ခန္ဓာဝန်ထမ်းသမားသည် မမိပေ ဘူးလား. . . မိမလား. . . (မိပါတယ်ဘုရား)၊ မိလို့ရှိရင် **ဇရာ မရဏ** တည်းဟူသော သေမင်းလက်ချက်နဲ့ အသက်ထွက် မယ် သာပြင်ပေရော့။ ဒီမုဆိုးရဲ့ စားဖတ်ဝါးဖတ်ဖြစ်ရတော့ မယ်. . . (မှန်ပါ)၊ ပေါ်ကြပြီလား (ပေါ်ပါပြီဘုရား)။

## သင်္ခါရကျော့ကွင်းထဲက ပုထုဇဉ်မိုက်တွေ

ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ ခင် ဗျားတို့ ဒီအတိုင်းနေတော့ ဘာမှမသိဘူး။ အခု ဆရာသမားနား ရောက်လာတော့ ဩော်. . . တယ်ပြီးနယ်ကျယ်ပါကလား။

လောကမှာသေပွဲဝင်တဲ့ ပုဂ္ဂိုလ်ဟူသရွေ့၊ နာပွဲဝင်တဲ့ပုဂ္ဂိုလ်ဟူသရွေ့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် မုဆိုးက ထောင်ထားတဲ့ ကျော့ကွင်းနှစ်ခုဆီသို့ အဝိဇ္ဇာအောင်းသမင်မက ဖြားယောင်းပြီး သွင်းလိုက်တဲ့အတွက် ပုထုဇဉ်မိုက်ဟူသရွေ့သည် သံသရာကျော့ကွင်းထဲမှာ ဒါတွေလုပ်ပြီးသကာလ ခန္ဓာငါးပါးတည်းဟူသော အကောင်ကြီးဟာ အမိခံရတာပဲ သံသရာပြင်ဘက်မထွက်နိုင်တော့ဘူး. . . (မှန်ပါ)၊ ထွက်နိုင်သေးရဲ့လား. . . (မထွက်နိုင်ပါဘူး)။

အဲဒီတော့ ဇရာ မရဏတွေဟာ ကိုစောမောင် ခန္ဓာရနေတော့ လိုက်ပြီးသတ်ရသလား၊ မိပြီးသားသတ်ရသလား. . . (မိပြီးသား သတ်ရပါတယ်။)

## မမိ မိအောင်ဖြားယောင်းလာတာ

တယ်လဲ ဒကာ ဒကာမတို့ အဝိဇ္ဇာတည်းဟူသော အောင်းသမင်မက ဖြားယောင်းချက်ကလည်း တယ်ကောင်းပါကလား. . . (ကောင်းပါတယ်ဘုရား)၊ မုဆိုးထောင်ထားတဲ့ ကျော့ကွင်းထဲ မမိ မိအောင် ဖြားယောင်းလာခဲ့တာလည်း အဝိဇ္ဇာ၏ စွမ်းရည်သတ္တိ. . . (မှန်ပါ)၊ ဒီကျော့ကွင်းထဲမှာ ပုထုဇဉ်မိုက်တွေ ဟူသရွေ့ကလည်း မမိဘူးလို့ဆိုနိုင်ပါ့မလား. . . (မဆိုနိုင်ပါဘူး)၊ ကုသိုလ်လုပ်မှုကွ၊ ဆုတောင်းမှုကွ ဘုံဘဝတွေဆိုတော့ ကျော့ ကွင်းနှစ်ခုထဲ မိတော့တာပဲ. . . (မှန်ပါ)၊ မမိသေးဘူးလား

. . . (မိပါတယ်ဘုရား)၊ မိလိုက်ပြီဆိုမှဖြင့် ခန္ဓာကြီး မပေါ်လာသေးဘူးလား. . . (ပေါ်လာပြီဘုရား)။ ခန္ဓာက ကျော့ကွင်းက မိနေတဲ့ခန္ဓာကို မောင်နိုင်ရ . . . (မှန်ပါ)၊ ဘယ့်နှယ်လုပ်ပြေးမတုံးဟေ့. . . (မပြေးနိုင်ပါဘူးဘုရား)၊ မပြေးနိုင်တဲ့ ဇရာ မရဏ လက်တွင်း ခေါင်းစင်းပြီးတော့သာ ဝင်လိုက်ပေတော့။ သေပွဲသာ ဝင်ကြပေတော့. . . (မှန်ပါ)။

## သေမင်းထောင်ထားတဲ့ကျော့ကွင်းနှစ်ခု

ဒါဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာတည်းဟူသော အောင်းသမင်မက ဖြားယောင်းချက်က တယ်ကောင်းပါကလားဆိုလို့ရှိရင်လည်း မလွဲဘူးဆိုရမှာပဲ . . . (မှန်ပါ) ဘယ်ထိအောင် ဖြားယောင်းထားသတုံးဆိုတော့ သေမင်းထောင်ထားတဲ့ ကျော့ကွင်းနှစ်ခုဆိုတဲ့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ ဒီဟာနဲ့ ထောင်ထားတယ်. . . (မှန်ပါ) ထောင်ထားတော့ ပုထုဇဉ်မိုက်က လည်းမသိတော့ ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရကို လုပ်လိမ့်မယ် ကိုစောင်မောင်. . . (မှန်လှပါ)၊ လုပ်လိုက်တဲ့ အခါကျတော့ ခန္ဓာပေါ် မပေါ်. . . (ပေါ်ပါတယ်ဘုရား)၊ ပေါ်ရင်သေမယ့်သာပြင်တော့ . . . (မှန်ပါဘုရား)။

## သေဖို့သာပြင်

ဘယ့်နှယ်ဆိုကြမလဲ. . . (သေဖို့သာပြင်ပါတော့) သေဖို့သာပြင်တဲ့ ဆိုတဲ့ဥစ္စာဖြင့် ရှင်းရှင်းလင်းလင်းပဲ ဒကာဒကာမတွေကို ဟောပါတယ်. . . (မှန်ပါ)၊ဒါဟာ မလုပ်ကောင်းတဲ့ အကုသိုလ်နဲ့ မတောင်းကောင်းတဲ့ဆုဆိုတာကော ကျေနပ်ပြီလား. . . (ကျေနပ်ပါပြီ)၊ ဝင့်ကျွတ်အောင် သစ္စာမြင်ပြီး ဒုက္ခသစ္စာကြီး ကျွတ်ချင်လို့ လုပ်တဲ့ကုသိုလ်မျိုးကိုတော့ **ပုညာဘိသင်္ခါရသွားပြီး** မဆိုနဲ့။ သဘောကျပြီလား. . . (ကျပါပြီ)။

အဲဒီကုသိုလ်မျိုးကို ဆိုသည်မဟုတ်ပါဘူး၊ ဒီဘုံ အကြိမ်ကြိမ် ခံစားချင်တဲ့ ကုသိုလ်မျိုးဟာ မုဆိုးထောင်ထားတဲ့ကျော့ကွင်း၊ သေမင်းထောင်ထားတဲ့ကျော့ကွင်းသာ မှတ်ပေတော့ . . . (မှန်ပါ)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

အားလုံး ဒကာ ဒကာမတွေ ထူးထူးလည်လည်ပဲ ပြောနေတဲ့အတွက် ဩော်. . . တို့သည်ကားလို့ဆိုရင် ယခု ဘယ်အထဲများ ရောက်နေပါလိမ့်မတုံးလို့ ကြည့်လိုက်တော့မှ ခန္ဓာငါးပါးကြီး ပေါ်နေတာက ဒီကုသိုလ်၊ အကုသိုလ်ကျော့ကွင်း၏ စွမ်းရည်သတ္တိကို လွန်နိုင်သေးရဲ့လား. . . (မလွန်နိုင်ပါဘူးဘုရား)၊ ကိုစောမောင် ဒီကုသိုလ်ပြုသ၍ ခံရုံပဲ. . . (မှန်ပါဘုရား)၊ မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ဒီဆုတောင်းပြည့်သရွေ့. . . (ခံရုံပါပဲဘုရား)။

## ဒါတွေဟာ ဆုတောင်းပြည့်တာ

လေနာတယ်၊ ရင်နာတယ် အမျိုးမျိုးအဖုံဖုံ ဒုက္ခတွေတွေ့ ရင် ဒါတွေဟာ ဆုတောင်းပြည့်တာလို့ ဆရာဘုန်းကြီးက ခဏ ခဏဟောတယ်. . . (မှန်ပါ)၊ မဟောထိုက်ဘူးလား ဟောထိုက် သလား. . . (ဟောထိုက်ပါတယ်ဘုရား)။

မောင်နိုင် ဆံဖြူတယ်၊ သွားကျိုးတယ်၊ ရောဂါတွေများ တယ်၊ ခါးကိုက်တယ်၊ ရင်နာတယ်၊ လေအောင့်တယ် အစရှိ သည်နဲ့ ဒကာ ဒကာမတွေဖြစ်နေတာဟာ ဩော်. . . ဘာ ကြောင့်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ကျော့ကွင်းထဲမှာ ကျော့ကွင်းမိနေလို့ ကျော့ကွင်းနာဖြစ်တာ. . . (မှန်ပါ) သဘော ကျပြီလား. . . (ကျပါပြီ)၊ ကျော့ကွင်းမှာ ရုန်းလေ ခြေထောက်မှာ အနာရလေပဲ။ ပြုတ်များ၊ ပျက်များသွားလိမ့်မယ်လို့ မအောက်မေ့ နဲ့နော်. . . (မှန်ပါ)၊ ကြိုးပြတ်နိုင်ရဲ့လား . . . (မပြတ်နိုင်ပါဘူး)၊ မပြုတ်ပျက် နိုင်အောင်ကိုကျုပ်တို့က လုပ်ထားတာ. . . (မှန်ပါ)၊ ဆုတောင်းပြည့်တယ်ဆိုတာ ကိုစောမောင် ရိပ်မိပြီလာ. . . (ရိပ်မိပါပြီ)။

## ခန္ဓာငါးပါးဟာ သေမင်းရဲ့အစာ

ပုညာဘိသင်္ခါရနဲ့လုပ်ပြီး အပုညာဘိသင်္ခါရနဲ့ ဆုတောင်း လိုက်တာကတော့ဖြင့် ပြုတ်ဖို့ ပျက်ဖို့ပါသေးရဲ့လား. . . (မပါပါ

ဘူး)၊ **အိုဘေး နာဘေး**တွေဟာ သူ့ပစ္စည်းတွေ မဖြစ်ရပေဘူး လား. . . (ဖြစ်ရပါတယ်)၊ အဲ. . . ဒါဟာ ဘယ်သူက ညွှန်ပြ လိုက်တာနဲ့ ဒီကျော့ကွင်းနှစ်ခုထဲမှာ ဒီပုဂ္ဂိုလ်မိရပါလိမ့်မတုံးဆို တော့ **အောင်းသမင်မနဲ့** တူတဲ့ **အဝိဇ္ဇာ**က ဘာမှမသိအောင် ဖြားယောင်းပြီး ပုထုဇဉ်မိုက်တွေခေါ် လာပြီးသကာလ **ပုညာဘိ သင်္ခါရ**တည်းဟူသော ကျော့ကွင်းထဲသွင်း၊ **အပုညာဘိသင်္ခါရ** တည်းဟူသော ကျော့ကွင်းထဲသွင်းလို့ ကိုယ်ကိုယ်တိုင် ကျော့ ကွင်းတွေကို ဒကာ ဒကာမတွေက အကောင်းထင်ပြီးသကာလ လုပ်တဲ့အတွက် အခုတော့ဖြင့် ခန္ဓာငါးပါးဆိုတဲ့သမင်းရဲ့အစာ ကြီးတော့ဖြင့် ဖြစ်ပါပြီ. . . (မှန်ပါ)၊ မဖြစ်သေးဘူးလား. . . (ဖြစ် ပါပြီဘုရား)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)၊ ခန္ဓာငါးပါးဟာ သေမင်း၏အစာဆိုတာ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီ)။

## ကုသိုလ်မလုပ်တတ်လို့ကျော့ကွင်းထဲမိတယ်

အဲဒါ ဒကာ ဒကာမတွေ ကောင်းကောင်းကြီးသတိပေး လိုက်ပါတယ်။ ဩော်. . . ဒကာ ဒကာမတွေဟာ ကုသိုလ်တော့ လုပ်ကြရှာတာပါပဲ။ မလုပ်တတ်ကြတော့ ကျော့ကွင်းထဲမိတာပဲ . . . (မှန်ပါ)။

ဘယ့်နှယ်ဆိုကြပါ့မလဲ. . . (မလုပ်တတ်တော့ ကျော့ ကွင်းထဲမိပါတယ်)၊ လုပ်တော့လုပ်တာပါပဲ။ မလုပ်တတ်တော့

ကျော့ကွင်းထဲပဲမိတယ်. . . (မှန်ပါ)၊ မိတယ် မမိတယ် ကိုယ့်ခန္ဓာကြီး အခု ဘယ်လိုနေတယ်သာ စဉ်းစားပါ။ ရှေ့တိုးလို့ရရဲ့လား . . . (မရပါဘုရား)၊ နောက်ဆုတ်လို့ကော. . . (မရပါဘူး)၊ ဒီအပူတွေ ငြိမ်းစေချင်လို့ကော. . . (မရပါဘူး)၊ ဒီသူခိုးဒုက္ခသူဝှက်ဒုက္ခတွေ ကင်းစေချင်လို့ကော. . . (မရပါဘူး)၊ အို. . . အခုတော့ ကမ္ဘာသကာပဲ. . . မပြေးသာ မရှောင်သာ ဖြစ်နေပေ့ါပဲ လို့နေကြရတယ်၊ ကျော့ကွင်းပြင်ဘက်ကို ကိုစောမောင် ထွက်အောင်ရုန်းနိုင်သေးရဲ့လား. . . (မရုန်းနိုင်ပါဘူး)၊ မရုန်းနိုင်တော့ ကျော့ကွင်းမိနေတဲ့ ပုဂ္ဂိုလ်သည် မရဏမင်းနဲ့တူတဲ့ မုဆိုးက သူ့သမင်မက ဖြားယောင်းလာတဲ့ဥစ္စာကို သူ့သမင်မက ဖြားယောင်းလာလို့ ဤကျော့ကွင်း နှစ်ခုထဲ ပုထုဇဉ်မိုက်မိနေတာကို ကိုစောမောင် တခြားသွားရှာရမှာလား. . . အနီးကလေးတွင်ပဲလား၊ အကဲခတ်ကြည့်ပါ. . . (အနီးကလေးတွင်ပါဘုရား)၊ သဘောပါကြပြီလား . . . (ပါပါပြီ)။

## ဉာဏ်နဲ့စဉ်းစားပါ

တယ်လည်း ဆိုးဝါးပါကလားဆိုတာ ဒကာ ဒကာမတွေ ဉာဏ်နဲ့ စဉ်းစားပါနော်. . . (မှန်ပါ)၊ အခု ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ ဒီအရပ်မကောင်းလို့ ဟိုအရပ်ပြောင်းစရာလည်း ပုညာဘိသင်္ခါရကျော့ကွင်းကလွတ်ကဲ့လား. . . (မလွတ်ပါဘူး)၊

ဒီအရပ် မကောင်းလို့ ဟိုအရပ်ပြောင်းပြန်တော့လည်း **အပုညာဘိသင်္ခါရ** တောင်းထားတဲ့ ဆုပြည့်တာက ကိုစောမောင်ခန္ဓာမရှိမှဘဲ သူလွတ်တော့မယ်. . . (မှန်ပါ)၊ ခန္ဓာသာရှိနေရင် . . . (မလွတ်ပါဘူးဘုရား)၊ ကျော့ကွင်းပြင်ဘက်ကို ရောက်သေးရဲ့လား. . . (မရောက်ပါဘူး)၊ စဉ်စားမိကြပြီလား. . . (မှန်ပါဘုရား)။

## ဆရာသမားနဲ့ကြုံတုန်း

အဲဒီတော့ ခင်ဗျားတို့က အခုလို ဆရာသမားများနဲ့ ကြုံတုန်းမှာ ဒီကျော့ကွင်းမျိုး နောက်ထပ် မဖြစ်စေရဘူးကွ၊ ဒီ သမင်မဖြားယောင်းတာ မရဘူးကွ. . . ဆိုပြီး ဒီလို အခုအခါမှာ တတ်နိုင်ရင်တက်ပါ။ မတက်နိုင်လို့ရှိရင် ဒီထက်ကိုယ်ကျိုးနည်းတာတော့ မရှိတော့ဘူး. . . (မှန်ပါ)၊ နောက်ဘဝလည်း ဒီလိုပဲ သမင်မပဲ ဖြားယောင်း၊ ဒီကျော့ကွင်းတွေရအောင်လုပ်။ ဒီပုထုဇဉ်မိုက်ကိုမိ။ ဒီမုဆိုးက ခေါင်းဖြတ်ပြီး အသက်ကိုသတ်။ ကိုစောမောင် ဒီလိုချည့် မနေပေဘူးလား. . . (နေပါတယ်)၊ ကိုစံလှ ကောင်းကောင်းရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။

အခု ခင်ဗျားတို့ မသေရာကို ပြေးကြည့်စမ်းပါ၊ ရသေးရဲ့လား. . . (မရပါဘူး)၊ ဘာကြောင့်တုံးဆိုတော့ ကျော့ကွင်းစွမ်းရည်သတ္တိကို ခင်ဗျားတို့က ခုန်ကျော်ပြီးသကာလ ပြတ်အောင်

တောက်အောင် လုပ်နိုင်သေးရဲ့လား. . . (မလုပ်နိုင်ပါဘူး)၊ အင် မတန် မနာဘူးလား. . . (နာပါတယ်ဘုရား)။

## မင်းတို့ကံကောင်းလိုက်တာတဲ့

ဩော်. . . ခက်လိုက်ပါဘိတော့တယ် တို့မှာ တချို့က တော့ ပြောမှာပဲ၊ မင်းတို့ကံကောင်းလိုက်တာကွာ၊ မင်းတို့ မိုးကုတ် မြို့ လူလာဖြစ်တဲ့အတိုင်း စီးပွားရေးလည်း သိပ်ပြီးမပင်ပန်းကြဘူး။ အဲဒါက သာမညဟောတဲ့တရားကိုး ကိုစောမောင်. . . (မှန်ပါ)၊ သာမညဟောတာ သစ္စာဆိုက်အောင် ဟောတဲ့တရားမှမဟုတ် ဘဲ. . . (မှန်ပါ)၊ ဒါက မြောက်တရားလို့သာဆိုရမယ်။ တကယ် တမ်းအဖြစ်တရားလို့ မဆိုနဲ့အုံး. . . (မှန်ပါ)၊ ဆိုလို့ကော ရပ့် မလား. . . (မရပါဘူး)၊ ခန္ဓာကို ဘာသစ္စာဖွဲ့ကြမလဲ. . . (ဒုက္ခ သစ္စာပါ)။

## ကျုပ်မှာ အနာနဲ့လို့ပြောလိုက်ပါ

ဒီဒုက္ခသစ္စာ မလွတ်သေးသရွေ့ ဘယ်သူက မြောက် မြောက် အနာမပျောက်သေးတဲ့ ပုဂ္ဂိုလ်မှာဖြင့် မင်းကြည့်ရတာ စိတ်ချမ်းသာလိုက်တာ ဆိုငြားသော်လည်း ကျုပ်မှာအနာနဲ့လို့ သာ ပြောလိုက်ပါ. . . (မှန်ပါ)၊ သဘောကျပြီလား. . (ကျပါပြီ)။

ဘေးက ပုဂ္ဂိုလ်ကတော့ ပြောချင်တာပြောမယ်၊ ကိုယ့်မှာဖြင့် အနာက မပျောက်သေးဘူး။ သူများကတော့ဖြင့် မင်းကြည့်ရတာ ဝဝဖြိုးဖြိုးနဲ့ လေးလုံးခြောက်ဖက်ကြီးပဲ. . . ကျားကိုးစီးစားလို့မကုန်နိုင်ဘူး။ မင်းမြင်ရတာ စိတ်ချမ်းသာလိုက်တာဆိုပေမယ့် သူ့မှာတော့ အနာက ပူနေတယ်. . . (မှန်ပါ)။

ဒါဖြင့် သူများပြောလမ်းဆုံးလို့ တော်ပါ့မလား. . . (မတော်ပါဘူး)။ ကိုယ့်ခန္ဓာနာကြီးက ပျောက်ပြီလား. . . (မပျောက်သေးပါဘူး)။ သေမင်းက ဘယ်အချိန် လာဆက်မလဲ ကျော့ကွင်းမိနေတဲ့ ဥစ္စာကြီးသူက ကံကောင်းတယ် ပြောနေပြန်တယ် (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။ သူများပြောယုံရမှာလား. . . ကိုယ်မိနေတာက သေချာတာလား. . . (ကိုယ်မိနေတာက သေချာတာပါ)။

## ကိုယ့်ဟာနဲ့ကိုယ်ကျေနပ်နေမှာစိုးလို့

ရှင်းကြပါ၊ ရှင်းကြပါ၊ ဒါကို သေသေချာချာ ပြောနေတယ်၊ ရှင်းကြစမ်းပါ၊ ခင်ဗျားတို့ဥစ္စာက ကိုယ့်ဟာကလေးနဲ့ကိုယ်အတော်ကျေနပ်နေမှာစိုးလို့. . . ကျော့ကွင်းထဲ မိမှန်းကို မသိလို့ပြောနေတာ (မှန်ပါ)။

ကိုစောမောင်ရဲ့ စီးပွားရေးက အကြောင်းညီညွတ်၊ လူကကျန်းမာ၊ ရှာလို့ဖွေလို့က တည့်ပြီဆိုမှဖြင့် အတော်နေရာ

ကျနေတယ်ထင်လိုက်တယ်။ သူ့မှာ ကျော့ကွင်းက ပြတ်ထွက်သွားပြီလား . . . (မပြတ်သေးပါဘူး)။ တို့သေမင်းလာသတ်တဲ့အချိန်ဟာ သူရှန်းကန်ပြီးသကာလ လွတ်ရာသို့ ပြေးနိုင်သေးရဲ့လား. . . (မပြေးနိုင်ပါဘူး)။ ဘာကံကောင်းတာလဲလို့ မေးစမ်းပါအုံး. . . (ဘာမှမကောင်းပါဘူးဘုရား)။ ပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။

## အချိန်မရွေးအသတ်ခံရတော့မယ်

ဒီထဲမှာ ဒေါ်ကံကောင်းတို့ ကိုကံကောင်းတို့များ ပါနေသေးသလား. . . (မပါပါဘူးဘုရား)။ သစ္စာနဲ့ ဟောရင် ပါကိုမပါဘူးလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)။ ပါကြရဲ့လား. . . (မပါပါဘူး)။ ဘာဖြစ်လို့တုံးဆိုတော့ ကျော့ကွင်းနှစ်ခုကို ဒကာဒကာမတွေ. . . အဝိဇ္ဇာသမင်မက ဖြားယောင်းလို့ ကျော့ကွင်းနှစ်ခုထဲ အမိကြီးမိပြီး **ဇရာ မရဏကလည်း** စောင့်နေပြီမောင်နိုင်. . . (မှန်ပါ)။ သေရုံကျေရုံတင်ကျန်တော့တဲ့ဥစ္စာ ဘယ်မှာ ကံကောင်းတာတုံးလို့ မေးစမ်းချင်တယ်ဆိုရင် ဒီတရား တစ်ပွဲလုံးဘယ့်နှယ်ဖြေကြမတုံး. . . (ကံကောင်း မပါပါဘူးဘုရား)။ ဦးမှု. . ကံကောင်းများပါသေးရဲ့လား. . . (မပါပါဘူးဘုရား)။ မပါပါဘူး၊ ခင်ဗျားတို့ အချိန်မရွေးလာသတ်တာ ခံရတော့မယ် (မှန်ပါ)။

## ဘယ်အချိန်တုံးလို့မဆိုနဲ့

ကိုစောမောင် **ဇရာ မရဏ**ရဲ့ လက်တွင်းမှာဖြင့် ဘယ်အချိန်တုံးလို့ မဆိုနဲ့၊ မိနေတဲ့ပုဂ္ဂိုလ်ကတော့ သူဟင်းလိုတဲ့အချိန်သာ မှတ်ပေတော့. . . (မှန်ပါ)။ ဘယ့်နှယ်ဆိုကြမယ်. . . (ဟင်းလိုတဲ့အချိန်ပါ ဘုရား)။ ဟင်းလိုတဲ့အချိန်ပဲ။ ဝက်ကို ခြံထဲလှောင်ထားကတည်းကိုက ဘယ်မှ မပြေးသာတဲ့အခါကျတော့ ဟင်းလိုတဲ့အချိန်၊ ဟင်းဈေး ကောင်းမယ့်အချိန်၊ ဈေးနေ့ဒါပဲ ရှိတော့တယ်. . . (မှန်ပါ)။ ဒီ့ပြင်ဘာရှိသေးသတုံး. . . (မရှိပါဘူး ဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတို့ ကံကောင်းတစ်ယောက်မှ မပါဘူးလို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ. . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

**ကမ္မသကတာ** ဉာဏ်ကလေးလောက်တော့ သွားပြီး မပြောနဲ့၊ **ဇရာ မရဏ** မလွတ်တာကို ပဓာနထား. . . (မှန်ပါ)။

ကိုစောမောင် ဘာကို ပဓာနထားရမတုံး. . . (**ဇရာ မရဏ** မလွတ်တာကို ပဓာန ထားရပါမယ်)။

**ဇရာ မရဏ**လွတ်မှ ကိုစောမောင် ဒုက္ခကျွတ်တယ် မဟုတ်လား (မှန်ပါ)။ **ဇရာ မရဏ** မလွတ်သေးတဲ့ ပုဂ္ဂိုလ်ဖြင့် **ဇရာ မရဏ** မုဆိုးသည်ကားလို့ဆိုရင် အလိုရှိတဲ့အချိန်မှာ အသုံးချဖို့ ဘယ်မှ မပြေးနိုင်တဲ့ ပုထုဇဉ်သတ္တဝါကို ထင်သလို

ညှဉ်းပြီး သကာလ၊ သတ်ဖြတ်ပြီး သကာလ နေဖို့ပဲ မဟုတ်လား . . . (မှန်ပါ)။ ပေါ်ကြရဲ့လား . . (ပေါ်ပါတယ်ဘုရား)။

## ကားနဲ့ တိုက်နဲ့ ပျော်နေကြတာ

ဒါလောက်ဆိုးဝါးတဲ့ အခြေအနေ ရောက်နေကြတယ်ဆိုတာ ဒကာ ဒကာမတွေ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။ ဪ. . . ဒါဖြင့် ခင်ဗျားတို့ အခု ကားကလေးနဲ့ တိုက်ကလေး ဘာကလေးနဲ့ စိန်ကလေး ရွှေကလေးနဲ့ ပျော်နေကြတာဟာ ဝက်ခြံထဲမှာ ထမင်းရည်အိုးကလေး လာချတဲ့အခါ ဝက်တွေ တအီအီနဲ့ ပျော်နေတာနဲ့ သိပ်တူတယ်. . . (မှန်ပါဘုရား)။ မတူဘူးလား. . . (တူပါတယ်ဘုရား)။ ဈေးနေ့ မရောက်ခင်ကလေးနော် . . . (မှန်ပါ)။

## ဈေးနေ့မရောက်ခင်ပျော်နေတာ

ဘာပါလိမ့်. . . (ဈေးနေ့ မရောက်ခင်ကလေးပါဘုရား)။ ဒီအချိန်မှာ ပျော်နေတာ. . . (မှန်ပါ) ခြံအပြင်ဘက် ပျော်ရမှာလား ခြံတွင်းလား . . . (ခြံတွင်းပါဘုရား)။

ဒါဖြင့် ဒီဝက်သတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ လိုချင်တဲ့ အချိန်မှာ အသာဆွဲထုတ်သွားရုံပဲဆိုလို့ရှိရင် လွဲပါ့မလား. . . (မလွဲပါဘူး)။

အဲဒီတော့ ကိုယ်ပျော်နေတဲ့ အပျော်ကလေးလဲ ဒီနေ့

ရှင်းပြလိုက်ပါတယ် ဒကာ ဒကာမတို့ ကိုယ့်ကျောက်ကလေးနဲ့ ကိုယ့်တိုက် ကိုယ့်ကား ကိုယ့်မြေ ကိုယ့်ယာ ကိုယ့်ရွှေ ကိုယ့်စိန် ကလေးနဲ့ ပျော်ပြီး သကာလနေတာ ဝက်စာအိုးကို ဖွဲနုနဲ့ ကျုံးပြီး ဝက်ခြံထဲ လာချတဲ့အခါ ဝက်တွေ ပျော်သလိုဖြစ်နေပြီ . . . (မှန်ပါ)။ ခြံရဲ့ အပြင်ဘက်လဲ ကိုစောမောင်သွားနိုင်ရဲ့လား . . . (မသွားနိုင်ပါဘူး)။ စားရတာလဲ မသိလို့ မြိန်နေတာ (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ. . . (စားရတာဟာ မသိလို့ မြိန်နေကြတာပါဘုရား)။ မသိလို့ မြိန်တာမှတစ်ပါး ဘာရှိသေးသတုံး . . . (မရှိ ပါဘူး ဘုရား)။

## သားသမီးနဲ့ ဝက်ပျော်ပျော်နေတယ်

ဒီမှာလဲ သားနဲ့ သမီးနဲ့၊ ဆွေနဲ့ မျိုးနဲ့ ပျော်နေကြတဲ့ ပုဂ္ဂိုလ်ဟာ ဝက်ခြံထဲမှာ ဝက်ပျော်ပျော်ပြီး သကာလ မသိလို့ မြိန်တယ် မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။ မုဆိုးထောင်ထားတဲ့ ဝက်ခြံထဲမှာ **ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ** လွတ်မှ မလွတ်တော့ဘဲ ကိုစောမောင်. . . (မှန်ပါဘုရား)။ လွတ်သေးရဲ့လား. . . (မလွတ်ပါဘူးဘုရား)။ မိပြီးသား မနေဘူးလား. . . (နေပါတယ်ဘုရား)။

ခင်ဗျားတို့ကိုယ်တိုင် ပြောနေတာက ကံပြုသလိုခံရုံပဲ . . . (မှန်ပါ)။ မိပြီးသားအကြောင်းကို ကိုယ့်ဟာကိုယ်ပြောတာ . . . (မှန်ပါ)။

## ကံပြုသလိုခံရပဲ

ဘယ်လိုပြောပါလိမ့် . . . (ကံပြုသလိုခံရပဲ)၊ ကံပြုသလို ခံရပဲလို့ ဦးမူတို့ ခဏခဏ မသုံးဘူးလား. . . (သုံးပါတယ်ဘုရား)၊ ကိုယ့်မှာ မိနေပါပြီ ပြောတာ. . . (မှန်ပါ)။

ကံကိုတော့ ဘယ်နည်းနဲ့ ခင်ဗျားတို့ ရုန်းနိုင်သေးရဲ့လား . . . (မရုန်းနိုင်ပါဘူး)၊ မရုန်းနိုင်တော့ ကံက ထောင်ထားတဲ့ ကံမိနေတော့ ကံက မိရုံကလေး ဖမ်းထားတာပါ။ သတ်တာကတော့ **ဇရာ မရဏကသတ်တာ**. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ ဘုရား)။

ကံကတော့ဘာတုံး. . . (မိရုံဖမ်းထားပါတယ်)၊ မပြေးနိုင်အောင် ဖမ်းထားတယ်၊ သုံးဆယ့်တစ်ဘုံပြင်ဘက်မှာ နိဗ္ဗာန် ရှိတယ်၊ မသွားသာအောင် ဖမ်းထားတယ်. . . (မှန်ပါ)၊ **ပုညာဘိ သင်္ခါရ** ကုသိုလ်ကလည်း ဖမ်းထားတယ်၊ ဝဋ် တောင့်တလုပ်တဲ့ ကုသိုလ်ဟာ ဖမ်းထားတဲ့ ကုသိုလ်ပဲဆိုတာသေချာပြီလား. . . (သေချာပါပြီဘုရား)။

ကိုစောမောင် သဘောပါရဲ့လား. . . (ပါပါတယ် ဘုရား)၊ ဝဋ် တောင့်တပြီးလုပ်တဲ့ကုသိုလ်ဟာ ဘာတုံး. . . (ဖမ်းထားတဲ့ကုသိုလ်ပါဘုရား)၊ ဒီသုံးဆယ့်တစ်ဘုံပြင်ဘက် ထွက်နိုင် သေးရဲ့လား. . . (မထွက်နိုင်ပါဘူး)၊ ဒါဖြင့် ခြံထဲတွင်ပေါ့ဗျာ. . . (မှန်ပါ)၊ ခြံထဲတွင် ဝက်ပျော်. . . ပျော်နေတဲ့အဓိပ္ပါယ်ဆိုတာ ကော ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ဝက်ခြံတွင်းတော်သေးတယ်ပြောတယ်

အဲဒါကြောင့် ဒကာ ဒကာမတွေကို ပြောရတယ်၊ ခင်ဗျားတို့ အခု ဘုန်းကြီးဟောလတ္တံ့ဖြစ်တဲ့ အလင်းကိုမရရင် အခက်ကြီး ခက်ပေါ့ဆိုတာ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါဘုရား)၊ သို့မဟုတ်လို့ရှိရင် ကိုယ့်အခြေအနေကလေးနဲ့ ကိုယ်နဲ့အတော်အသင့်အတင့်ဟောပြောတဲ့ ဆရာသမားတွေနဲ့ အောက်တန်းကျတဲ့ စာအုပ်တွေကြည့်မယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေက တော်သေးတယ်ဟေ့. . . (မှန်ပါ)၊ ဝက်ခြံတွင်း တော်သေးတယ် ပြောပြီ ကိုစောမောင်. . . (မှန်ပါ)။

မောင်နိုင် ဘယ့်နှယ်ပြောတာပါလိမ့်. . . (ဝက်ခြံတွင်း တော်သေးတယ်ပြောပါတယ်ဘုရား)၊ ကိုပေါ် . . . ပြောမိသေးသလား. . . (မပြောမိပါဘူးဘုရား)၊ မပြောမိရင် တော်သေးတာပေ့ါ. . . (မှန်ပါ)

## ဝက်ခြံတွင်းက ဝက်ပျော် ပျော်နေတာ

နို့မဟုတ်ရင် ဝက်ခြံတွင်း ဝက်ပျော်ပျော်နေတာဆိုလို့ရှိရင်ဖြင့် ဦးဘကလေး ငြင်းဖို့လိုသေးသလား. . . (မလိုပါဘူး)၊ ရှင်းကြပြီလား (ရှင်းပါပြီ)။

သေသေချာချာပြောတော့ ဩော် . . . အကုသိုလ်ကလည်း ဘယ်တော့ဝင်လာမယ်မသိဘူး၊ သူဝင်လာတဲ့အချိန်

ကျုပ်တို့ သေရုံပဲဆိုတော့ **အပုညာဘိသင်္ခါရ**ကို သူကြောက်နေရတယ်. . . (မှန်ပါ)၊ ကုသိုလ်ကလည်း ဘယ်တော့များ ဖြတ်လိုက်မယ်မသိဘူး၊ သူဖြတ်လိုက်မယ့် တစ်နေ့ ကျုပ်တို့ သေပွဲဝင်ရုံပဲ ဆိုတော့ **မရဏ**မင်းလက်ရောက်ရုံပဲ ပြောတာပဲ. . . (မှန်ပါ)၊ မပြောကြဘူးလား . . . (ပြောပါတယ်) အဲဒီတော့ ဝက်ခြံတွင်းမိနေတယ်ဆိုတဲ့အကြောင်းဟာ ဒကာ ဒကာမတို့ သေချာတယ် . . . (သေချာပါတယ်ဘုရား)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီ)။

## ပြုံးမယ်များကြံရင် စဉ်းစားပါဦး

အဲဒီတော့ ပြုံးမယ်များကြံရင် စဉ်းစားပါအုံးဆိုတာကို ဆရာဘုန်းကြီးက သတိပေးလိုက်ပါတယ်. . . (မှန်ပါ)။

ဘယ်လို သတိပေးတာပါလိမ့် . . . (ပြုံးမယ်ကြံရင် စဉ်းစားပါအုံး)၊ ပြုံးမယ်ကြံရင် ငါဟာ ခြံထဲတွင် ပြုံးတာလား၊ လွတ်လာလို့ ပြုံးတာလားဆိုတဲ့ အဓိပ္ပာယ်ကို ကြည့်ပြီး ပြုံးပါ . . . (မှန်ပါ)၊ ကိုစောမောင် သဘောပါရဲ့လား . . . (ပါပါတယ်ဘုရား)။

အားလုံး ဒကာ - ဒကာမတွေ၊ မေတ္တာရှေ့ထားပြီး သေသေချာချာ သစ္စာသိအောင် ပြောနေတဲ့ အဓိပ္ပာယ်လို့ ရှင်းရှင်းလင်းလင်းမှတ်လိုက်စမ်းပါ. . (မှန်ပါ)၊ သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ကတော့ ဒကာ ဒကာမတို့ အပျော်ကြီး ပျော်နေတာပဲ

(မှန်ပါ)၊ သားနဲ့ပျော်လိုက်၊ သမီးနဲ့ပျော်လိုက်၊ ပစ္စည်းနဲ့ ပျော်လိုက်၊ စိုးရိမ်ကြောင့်ကြပြီးသကာလ နေလိုက် အမျိုးမျိုး အဖုံဖုံနဲ့ မသေမယ့်ပုံဘဲ တစ်ခါတည်း မိပြီးသားကဖြင့် သားလဲမိပြီးသား၊ သမီးလဲမိပြီးသား၊ ပစ္စည်းလဲ မိပြီးသား၊ ဝက်ခြံပြင်ဘက်တော့ မရောက်ပါဘူး။ ရောက်သေးရဲ့လား . . . (မရောက်ပါဘူး)၊ ဈေးနေ့မကြုံသေးလို့ စိုးရိမ်ကြတယ်၊ ပူပင်ကြတယ်၊ ကြောင့်ကြကြတယ် ပြောနေတာပါ။

## အသားတိုးလေလေ လှံချက်နီးလေလေ

ဈေးနေ့ကြုံရင်တော့ဖြင့် မိရာအကောင်တော့ အသားကိုး လေလေ လှံချက်နီးလေလေလာမှာပါပဲ . . . (လာမှာပါဘုရား)၊ မလာပေဘူးလား လာမလား . . . (လာမှာပါဘုရား)၊ သဘောပါကြပြီလား . . . (ပါပါပြီဘုရား)။

အဲဒါလောက် ခင်ဗျားတို့ ကျုပ်တို့ရဲ့ အဖြစ်ကြီးကဖြင့် ဒီထက်ဆိုးစရာ မောင်နိုင်-ရှိလေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။

ဒါသံဝေဂ ရရဲ့ ဟောတာလားဆိုတော့ သံဝေဂရရဲ့ မဟုတ်ပါဘူး၊ ဖြစ်စဉ်ပြောနေတာ. . . (မှန်ပါ)။

ဦးဘတင်-သံဝေဂပြောတာလား၊ ဖြစ်စဉ်ပြောတာလား . . . (ဖြစ်စဉ်ပြောတာပါ)၊ သံဝေဂဆိုတာက ခင်ဗျားတို့

လန့်အောင်၊ ထိတ်အောင်ပြောတာ. . . (မှန်ပါ)၊ အခုဟာက လန့်အောင်၊ ထိတ်အောင်ဆိုပြီး ချောက်တာ မဟုတ်ဘူး။ တကယ်မိနေပြီဟော့ . . . မင်းတို့ သတိထားတော့ ပြောတာ . . . (မှန်ပါ)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

တကယ်ဖြင့် ဘယ့်နှယ်တုံး . . . (မိနေပါပြီဘုရား) မင်းတို့ သတိထားတော့၊ အချိန်ပိုင်းကျန်တော့တယ်၊ ဒါကို ပြောတာပါ၊ ချောက်တာမဟုတ်ပါဘူး . . . (မှန်ပါ)၊ သဘောပါကြပြီလား . . . (ပါပါပြီဘုရား)။

## ဒီတစ်လုံးကိုမမေ့ကြပါနဲ့

အဲဒါကြောင့် ဒကာ - ဒကာမတို့ ပြုံးမယ်ကြံရင် စဉ်းစားပါအုံးဆိုတဲ့ တစ်လုံးကို မမေ့ကြပါနဲ့. . . (မှန်ပါဘုရား)။

ဘယ့်နှယ်များမှာပါလိမ့်. . . (ပြုံးမယ်ကြံရင် စဉ်းစားပါအုံး)၊ ဘာဖြစ်လို့တုံး . . . ဝက်ပြုံး ပြုံးမှာစိုးလို့ . . . (မှန်ပါ)၊ ကိုစောမောင် ခုနင်က ပြောခဲ့တဲ့ ဟင်းနုနွယ်၊ ဖွဲနု စသည်နဲ့ ရောပြီး ကျို့ချက်လာတဲ့ ဝက်စာကြီးကို ဝအောင်ကျွေးတာလား၊ ကိုစောမောင်၊ အသားတိုးအောင် ကျွေးတာလား . . . (အသား တိုးအောင် ကျွေးတာပါ)၊ အသားတိုးရင် သတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပါ-မပါ. . . (ပါပါတယ်ဘုရား)၊ အဲဒါနဲ့ ပြုံးနေတော့ အသားတိုးအောင်လို့ ကျွေးတာဟာ သဒ္ဓါလို့ကျွေးတာလား

ကိုစောမောင်. . . (မဟုတ်ပါဘူးဘုရား)၊ သတ်မယ်လို့ ကျွေးတာ မှတ်ပါ။ ဘာများငြင်းစရာပါသေးသတုံး . . . (မပါ-ပါဘူးဘုရား)၊ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။

ဒီမှာလဲ ဒကာ ဒကာမတို့ ခင်ဗျားတို့ ကျုပ်တို့၏ ဖြစ်စဉ်ကဖြင့် မလွတ်လပ်လိုက်တဲ့ဖြစ်ခြင်းဟာ အချိန်သာ လိုပါတော့လား၊ ဒီကျော့ကွင်း မပြတ်တော့ဘူး . . . ဘယ်မှ ပြေးစရာမရှိတော့ဘူး . . . (မှန်ပါ)၊ ကိုစောမောင်ရှိသေးသလား . . . (မရှိပါဘူး)၊ ရှင်းပြီလား . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ အလင်းမရလို့ရှိရင်ဖြင့် ဘယ်နည်းနဲ့မှ ဆရာသမားများကသာ အကူအညီ မပေးတော့ပါဘူးဆိုရင် ဒီခြံထဲ မွေး၍ ဒီခြံထဲသေပြီးသကာလ ဒီဝက်ထိုးသမား လက်အောက်မှာ အသက်ပျောက်၊ ဒိပြင်ဘာမှ မရှိဘူး . . . (မှန်ပါ)။ ရှိသေးရဲ့လား . . . (မရှိပါဘူး)၊ ကောင်းကောင်း သဘောပါကြရဲ့လား . . . (ပါပါတယ်ဘုရား)။

## သေမည့်အရေးတော့ အရေးမထားဘူး

အဲဒါကြောင့် ခင်ဗျားတို့က သားကိစ္စ၊ သမီးကိစ္စ၊ ဆွေကိစ္စတွေ အရေးထားတယ်။ ကိုယ်သေမယ့်အရေးတော့ အရေးမထားဘူးဆိုတော့ တယ်လည်းခက်ပါလား . . . (မှန်ပါဘုရား)။ ပြောထိုက်-မပြောထိုက် ကိုစံလှ . . . (ပြောထိုက်

ပါတယ်ဘုရား)။ သားကလေး နေမကောင်းလို့၊ သမီးကလေး နေမကောင်းလို့ သူတို့ လူလားမမြောက်သေးလို့တဲ့။ ကိုယ်ကဖြင့် ဈေးနေ့စောင့်နေတာ၊ သူတို့ လူလားမြောက်တာ အရေးမကြီးဘူး။ ကိုယ်လွတ်အောင် ရှန်းမယ်ဆိုတဲ့ အသွားကတော့ ပါရဲ့လား . . . (မပါပါဘူး)။ ဒါလောက်ရှုးတာ၊ အ,တာတွေဟာဖြင့် အတော်ခဲယဉ်းတဲ့ ပုဂ္ဂိုလ်တွေပဲလို့ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။ မိနေတာတောင်မှ ကိုစောမောင် မိနေမှန်း မသိအောင်ကို သမင်မက ဒါလောက် ဖြားယောင်းတာ ကောင်းပါတယ် . . . (မှန်ပါ)။

မိနေတာတောင် ဘယ့်နှယ်တုံး . . . (ဖြားယောင်းကောင်းပါတယ်) မိနေတာတောင် ပျော်ပျော်ခံနေလို့ ပြောလိုက်သေးတယ် . . . (မှန်ပါ)။

## ပျော်ပျော်နေသေခဲတယ်တဲ့

ဒကာ-ဒကာမတို့၊ **ဇရာ မရဏ** မုဆိုးထောင်ထားတဲ့ ကျော့ကွင်းဟာ မိပြီးသားလား . . . မမိသေးဘူးလား . . . (မိပြီးသားပါဘုရား)။ အဲဒီမိပြီးသားဟာဖြင့် လွတ်ရာလွတ်ကြောင်း ကြံဖို့အချိန်တောင် အဝိဇ္ဇာသမင်မ၏ စွမ်းရည်သတ္တိဟာ ဒီအပေါ်မှာ လွှမ်းမိုးနေတယ်၊ ပျော်ပျော်နေလိုက်စမ်းကွ . . .

(မှန်ပါ)။ ပျော်ပျော်နေ သေခဲတဲ့ လာသေးတယ် . . . (မှန်ပါ) မလာဘူးလား . . . (လာပါတယ်)။

ဒကာ-ဒကာမတို့ ဘယ်လောက်ထိအောင် ဆိုးဝါးတဲ့ စကားလဲဆိုတာ တွေးကြည့်မှ ဆိုးတယ်နော် . . . (မှန်ပါ)။ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

အဲဒါ အားလုံး ဒကာ ဒကာမတွေ မိဘဆွေမျိုးဉာတကာ မတော်ဖူးသူ မည်သည်မရှိနိုင်သလောက်မို့ သေသေချာချာ ပြောနေပါတယ်လို့ မှတ်ပါ. . . (မှန်ပါ)။ သံဝေဂလား၊ ဖြစ်စဉ် ကိုက်လား . . . (ဖြစ်စဉ်ကိုက်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါ ပြီဘုရား)။

## အခုဘယ်အထဲရောက်နေကြသတုံး

ဩော် - အခုဘယ်ထဲ ရောက်နေကြသတုံးဆိုတော့ ကျော့ကွင်းထဲမိပြီးသားဖြစ်ပြီလား . . . (ဖြစ်ပါပြီဘုရား)။ ဒါဖြင့် ရုန်းလို့ကန်လို့ကော လွတ်သေးရဲ့လား . . . (မလွတ်ပါဘူး ဘုရား)။ အင်မတန်ကြီးတဲ့ ကြိုးနော် . . . (မှန်ပါ)။ **ပုညာ ဘိသင်္ခါရ** ကုသိုလ်ကြိုးဆိုတာ ကိုစောမောင် သေလို့မဆုံးအောင် ကို ချည်ထားတာ . . . (မှန်ပါ)။ **အပုညာဘိသင်္ခါရ**ကလည်း မပြေးနိုင်အောင်ကို မြဲထားတာပဲ . . . (မှန်ပါ)။ မမြဲဘူးလား မောင်နိုင် . . . (မြဲပါတယ်ဘုရား)။

ဒါဖြင့် ခုနင်က မုဆိုးတည်းဟူသော သေမင်းက **ဇရာ၊ မရဏ**၊ သေမင်းကဖြင့် ဒကာ ဒကာမတို့ အရှာခက်သလား၊ အသာကလေး ယူရုံဖမ်းရုံပဲလား . . . (အသာကလေးယူရုံ ဖမ်းရုံပါဘုရား)။ အသာယူရုံ ဖမ်းရုံပဲဆိုတာ နောက်က ဒကာ - ဒကာမတွေ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ သေတဲ့အခါများ သွားကြည့်ကြပါ။ အိမ်ပေါ်မှာ ဖျားတယ်ဆိုရင်ဖြင့် ဒကာ-ဒကာမတို့ ဒီအိမ်ဟာ ဖျားတတ်တဲ့အိမ်၊ သေမယ့်အိမ်၊ ကျုပ်ပြေးပါတော့မယ်လို့ ဆိုရသလား၊ ဒီအိမ်ပေါ်ကပဲ ထမ်းပစ်လိုက်ရသလားဆိုတာ အကဲခတ်ပါ . . . (ဒီအိမ်ပေါ်က ထမ်းပစ်လိုက်ရပါတယ်ဘုရား)။ ကိုစောမောင် ဘယ်ပြေးနိုင်သေးသတုံး . . . (မပြေးနိုင်ပါဘူး)။ **ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရ** ကျော့ကွင်း ဘယ်လောက်ဆိုးတယ်ဆိုတာ ပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။ ရှင်းကြပြီနော် . . . (ရှင်းပါပြီဘုရား)။

## ဇရာ မရဏ မုဆိုး

ဒါဟာ အလင်းမရသေးသရွေ့ ကာလပတ်လုံး ဒီသမင်မက ဖြားယောင်း၊ ဒီကျော့ကွင်းနှစ်ခုဆီ တွန်းပြီး **ဇရာ မရဏ** မုဆိုးက အသက်သတ်. . . (မှန်ပါ)။ ဒါဟာ နောက်ကလည်း ဒီအတိုင်း၊ ရှေ့ကလည်း အလင်းမရသေးရင် **ဒီအတိုင်းသွားမှာပဲ**

. . . (မှန်ပါ)၊ မသွားပေဘူးလား သွားမလား. . . (သွားမှာပါဘုရား)။ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

တပည့်တော်တို့ ဘယ်တော့မျှား ဘုရား-ကံကောင်းအကြောင်းသင့်ပါမလဲဆိုတော့ အို ဒီကံတွေ၊ ကံကောင်းအကြောင်းသင့်ကို ထည့်မနေစမ်းနဲ့၊ ဉာဏ်ကောင်းအကြောင်းသင့်ဆိုရင်ဖြင့် လွတ်ပေါက်ရှိတယ် . . . (မှန်ပါ) ကံကောင်းအကြောင်းသင့်ဆိုတာတော့ . . . (လွတ်ပေါက်မရှိဘူး)။

## ဉာဏ်ကောင်းရင် လွတ်မယ်

ကဲ-ဒါဖြင့် ဉာဏ်ကောင်းရင် လွတ်မယ် . . . (မှန်ပါ)။ ကံကောင်းရင် မိနေမယ်ဆိုတဲ့ အဓိပ္ပာယ်ကော . . . (ရှင်းပါပြီဘုရား)။

သေသေချာချာ ပြောပါပြီ ဒကာ-ဒကာမတို့။ ဒါ အငဲ့အကွက်မပါဘူး၊ သေသေချာချာပြောတဲ့ သစ္စာမို့ အမှန်ပြောနေရတယ်ဆိုတာ မှတ်လိုက်ပါ . . . (မှန်ပါ) သဘောပါကြပြီလား . . . (ပါပါပြီဘုရား)။

ကဲ-ဒါဖြင့် ဒါက ဒီဟာ အမျှောင်တွေပြနေတယ်ဆိုတာကော ရိပ်မိပြီလား . . . (ရိပ်မိပါပြီ)။

## အမှောင်ငါးစင်း

ဒါဖြင့် ဒကာ-ဒကာမတို့ မနေ့က တရားပဲ ပြန်ပြီး သကာလ မှတ်ကြပါ။ အမှောင်ကငါးစင်းလို့ မနေ့က မပြောဘူး လား . . . (ပြောပါတယ်)။ အမှောင်က ဒီက ၁။ အဝိဇ္ဇာ၊ ၂။ အဝိဇ္ဇာ။ ၃။ အဝိဇ္ဇာ။ ၄။ အဝိဇ္ဇာ။ ၅။ အဝိဇ္ဇာ။ အမှောင်ငါးစင်း တဲ့ . . . (မှန်ပါ)။

အဝိဇ္ဇာ ဘယ်နှချက်ပါလိမ့် . . . (ငါးချက်ပါဘုရား)။ ဒကာဒကာမတို့ အဝိဇ္ဇာတစ်မျိုးတည်း မှတ်နေတယ်၊ ကိုစောမောင်တို့က . . . (မှန်ပါ)။ ဘယ်နှမျိုးပါလိမ့် . . . (ငါးမျိုး ပါဘုရား)။ ၁-နံပါတ်ဆိုတဲ့ အဝိဇ္ဇာအမှောင်ခေတ်၊ ဒကာ ဒကာမတို့ ကံ ကံ၏အကျိုးတောင် မယုံကြည်နိုင်တဲ့ ကံ ကံ၏ အကျိုးတောင် မသိအောင် ဉာဏ်ကိုဖုံးထားတယ် . . . (မှန်ပါ)။ **၁-နံပါတ် အဝိဇ္ဇာက** ကမ္မဿကတဉာဏ်ကို ဖုံးထားတယ် . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

## အဝိဇ္ဇာငါးမျိုးဖုံးထားတယ်

၁-နံပါတ် အဝိဇ္ဇာက . . . (ကမ္မဿကတဉာဏ်ကို ဖုံးထားပါတယ် ဘုရား)။

၂-နံပါတ်အဝိဇ္ဇာက ဒကာ-ဒကာမတို့ နာမ်နဲ့ရုပ်ကို မသိအောင် **နာမရူပ ပရိစ္ဆေဒဉာဏ်ကို** ဖုံးထားတယ် . . . (မှန်ပါ)။

**၃-နံပါတ် အဝိဇ္ဇာက** ဒကာ-ဒကာမတို့၊ ခင်ဗျားတို့ ကျုပ်တို့ နေ့တိုင်း သင်နေတဲ့ **ပဋိစ္စသမုပ္ပါဒ်**အကြောင်းအကျိုး သိမယ့် ဉာဏ်ကို ဖုံးထားတယ် . . . (မှန်ပါ့)။

**ပဋိစ္စသမုပ္ပါဒ်**အကြောင်းအကျိုး မသိအောင်ဖုံးထားတဲ့ ဉာဏ်ဟာ **၃-နံပါတ် အဝိဇ္ဇာ**လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။ **ပဋိစ္စသမုပ္ပါဒ်**သိမှုဉာဏ်ကို ဖုံးထားတယ် . . . (မှန်ပါ)။

ခန္ဓာကြီးဟာ **ပဋိစ္စသမုပ္ပါဒ်**ပါလို့ ခဏခဏပြောင်းလဲ နေတာကော ပြန်ပြီး နှလုံးသွင်းဖြစ်သေးရဲ့လား . . . (မသွင်းဖြစ်ပါဘူး)။ အဲဒါ ဘယ်နံပါတ်-အဝိဇ္ဇာသတ္တိပါလိမ့် . . . (၃-နံပါတ် အဝိဇ္ဇာ သတ္တိပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

**၄-နံပါတ် အဝိဇ္ဇာက** ခန္ဓာထဲမှာ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် အနိစ္စကလေးတွေဟာ ရှိပါလျက်သားနဲ့ အနိစ္စကို ရှာမတွေ့အောင် ဖုံးထားတဲ့ အဝိဇ္ဇာက ရှိသေးတယ် . . . (ရှိပါတယ်ဘုရား)။ **၄-နံပါတ် အဝိဇ္ဇာက** လက္ခဏာရေး သုံးပါး ဖုံးထားတယ် . . . (မှန်ပါဘုရား)၊ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)။

**၄-နံပါတ် အဝိဇ္ဇာက** ဘာဖုံးထားသတုံး . . . (လက္ခဏာရေးသုံးပါး ဖုံးထားပါတယ်)။ ဒကာ-ဒကာမတွေ နားလည်နေတာနဲ့ ပြောကြပါစို့ ဆိုတော့ ဖြစ်ပျက်မသိအောင်

ဖုံးထားတယ် . . . (မှန်ပါ)။ ဒါကြောင့် တချို့ဖြစ်ပျက် ရှာမတွေ့ဘူး . . . (မှန်ပါ)။

ဘာတဲ့တုံး ဒကာ - ဒကာမတို့ . . . (ဖြစ်ပျက်ရှာမတွေ့ပါဘူး)။ **အနိစ္စာဝတသဒ္ဒါရာဆိုတဲ့ဥစ္စာ** ဘယ်သူ့မှာများ လွတ်သတုံး ကိုစောမောင် . . . (မလွတ်ပါဘူးဘုရား)။ အဲဒါ ရှာမတွေ့ဘူးတဲ့ . . . (မှန်ပါ)၊ ဖြစ်တာနဲ့ ပျက်တာ ရှာမတွေ့ဘူး၊ ကျုပ်ဒီနေ့ ဘာဖြစ်တယ် မသိဘူးတဲ့၊ မလာဘူးလား . . . (လာပါတယ်)။ ဘာမှဖြစ်တာ မဟုတ်ဘူး။ **၄-နံပါတ် အဝိဇ္ဇာ** ဖုံးနေတယ် . . . (မှန်ပါ) ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ကဲ-ဒီအထဲ တရားပွဲထဲမှာ ဒကာ-ဒကာမတွေ ဖြစ်ပျက်မှ မတွေ့သေးရင် **၄-နံပါတ် အဝိဇ္ဇာ**ဖုံးတယ်ဆိုတာ သေချာပြီလား . . . (သေချာပါပြီ)။

## ၅-နံပါတ်အဝိဇ္ဇာ

ဖြစ်ပျက်အဆုံးဟာ နိဗ္ဗာန်လို့ ဆရာဘုန်းကြီးက မဟောဘူးလား. . . (ဟောပါတယ်)။ အဲဒီဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို မတွေ့သေးလို့ရှိရင်လည်း **၅-နံပါတ်အဝိဇ္ဇာ**က ဖုံးတယ် . . . (မှန်ပါ)။

ကိုင်း ဒကာ-ဒကာမတို့၊ အဝိဇ္ဇာ ဘယ်နှချက်ပါလိမ့် . . . (ငါးချက်ပါဘုရား)။

## အလင်းငါးချက်ကိုအုပ်နေတယ်

ဒါဖြင့် အလင်းငါးချက်ကို အမှောင်ငါးချက်က အုပ်နေတယ်ဆိုတာ သေချာပြီလား . . . (သေချာပါပြီဘုရား)။

ဒါ အကျယ်မဟောသေးပါဘူး၊ ဒကာ-ဒကာမတွေ မှတ်မိရုံကလေးနဲ့ ခေါင်းစဉ်ပြတာပါ . . . (မှန်ပါ)။ သဘောပါကြပြီလား . . . (ပါပါပြီ)။ ဒါ ဘယ်မှာလာသတုံး မေးတော့ **သုတ္တနိပါတ်ပါဠိတော်**မှာလဲလာတယ်၊ **ပဋိသမ္ဘိဒါမဂ်ပါဠိတော်**မှာလဲလာတယ် . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

သို့သော် ဒကာ-ဒကာမတွေအနေနဲ့ ဒီလိုစစ်စစ် မြစ်မြစ်ကြားဖူးဖို့၊ စစ်စစ်မြစ်မြစ်ခွာတတ်ဖို့ ရှားပါလိမ့်မယ်နော် . . . (မှန်ပါ့)။ အင်မတန်မှ ခဲယဉ်းပါတယ်ဆိုတဲ့ အဓိပ္ပာယ်လည်း တွေးကြည့်မှ သိပါလိမ့်မယ် . . . (မှန်ပါ)။

ဦးပြန့်တို့ သေသေချာချာနားထောင်ကြပါ။ ဒီဥစ္စာ တစ်နေ့ကို တစ်ထပ်တစ်ထပ် ခွာမှ သင့်ရုံကလေးရှိတယ်နော် . . . (မှန်ပါ)။

## ၁။ ကံ ကံ၏ အကျိုးကိုသိတဲ့ဉာဏ်

ဒါနဲ့ မနေ့က ဒကာ-ဒကာမတွေကို ခွာပေးလိုက်တယ်။ ကံ ကံ၏ အကျိုးကို သိတတ်တဲ့ ဉာဏ်ကလေးကို တောင်မှ

ဖုံးထားတဲ့ ဥစ္စာလည်း **၁-နံပါတ်က အဝိဇ္ဇာ** ကိုစောမောင် ရှိမရှိ . . . (ရှိပါတယ်ဘုရား)။

ကဲ-ကြည့်လိုက်စမ်းပါ - မိစ္ဆာဒိဋ္ဌိတွေကျတော့ ကံ၏အကျိုးကို ယုံကြည်သလား၊ သူတို့ကို ဖန်ဆင်းထားတယ်တဲ့ တန်ခိုးရှင်ကို ယုံကြည်နေသလား . . . (သူတို့ဖန်ဆင်းထားတဲ့ တန်ခိုးရှင်ကို ယုံကြည်နေကြပါတယ်) ကံ ကံ၏ အကျိုးကြောင့် ဖြစ်တယ်ဆိုတာ ပါသေးရဲ့လား . . . (မပါပါဘူး)။ အဲဒီတော့ သိတဲ့ဉာဏ်ကလေး ဘယ့်နှယ်နေသတုံး . . . (ဖုံးထားပါတယ် ဘုရား)။

ကိုင်း-ဒါဖြင့် အဲဒီသိထားတဲ့ဉာဏ်ကလေးတောင် ဖုံးထားတဲ့ လူဦးရေနဲ့ မဖုံးတဲ့ လူဦးရေ ဘယ်ဟာက များမတုံး . . . (ဖုံးထားတာက များပါတယ်)။ တိရစ္ဆာန်တွေတော့ ထည့်မနေပါနဲ့တော့ ကိုစောမောင် - တိရစ္ဆာန်ဆိုတာကတော့ အဝိဇ္ဇာတုံးကြီး ဖြစ်နေလို့ အထူးထည့်ပြောဖို့ မလိုပါဘူး . . . (မှန်ပါ)။

လူရယ်လို့ ဖြစ်လာတာတောင်မှ လူဦးရေ နည်းနည်းလောက်ပဲ ဒါကလေးတွေ ခွာနိုင်တာက . . . (မှန်ပါ)။ ဒါကို ဖုံးထားတဲ့ လူဦးရေက ကိုစောမောင်များတယ် . . . (မှန်ပါဘုရား)။ အင်မတန် မများဘူးလား . . . (များပါတယ်)။

## မှောင်ထဲမွေး၊ မှောင်ထဲနေ၊ မှောင်ထဲသေ

အဲဒါတွေ ကြည့်လိုက်တော့ ဩဘ် ၁-နံပါတ်အဝိဇ္ဇာ တောင် မကျွာလို့ရှိရင်ဖြင့် မှောင်ထဲမွေး၊ မှောင်ထဲနေ၊ မှောင်ထဲ သေ ဆိုတဲ့ မနေ့ကပြောတဲ့စကား မလွဲပါဘူး . . . (မလွဲပါ ဘူးဘုရား) လွဲသလား . . . (မလွဲပါဘူးဘုရား)။

မှောင်ထဲပဲ မွေးတယ်၊ မှောင်ထဲပဲသေတယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။ သွားကြည့်ပါ ကိုစောမောင် တို့၊ တစ်ခါတလေလည်း ရောက်ဖူးပါလိမ့်မယ်-တောထဲတောင် ထဲမှာ တောတွင်းသား မယဉ်ကျေးသေးတဲ့ လူအမျိုးမျိုး မရှိ ပေဘူးလား . . . (ရှိပါတယ်ဘုရား)။ ဓားတစ်ချောင်း၊ လှံတစ် ချောင်း၊ ဒူးလေးတစ်ချောင်းစသည်ချိတ်ပြီးသကာလ တိရစ္ဆာန် တွေ သတ်ဖြတ်စားသောက်နေတဲ့ ပုဂ္ဂိုလ်တွေ ပရိယေသနက လည်း ခပ်ကျပ်ကျပ်နဲ့ဆိုတော့ ကိုစောမောင် ဘယ်လိုဆိုမတုံး . . . (မှောင်ထဲမွေး၊ မှောင်ထဲနေ၊ မှောင်ထဲသေပါဘုရား)။ အားလုံး ဒကာ-ဒကာမတွေ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။ အဲဒါတွေကျတော့ ဒီပထမ အထပ်ကို ကျွာနိုင်ရဲ့လား. . . (မကျွာနိုင်ပါဘူး ဘုရား)။

ဒါဖြင့် ဒီဘဝလည်း မကျွာ၊ နောက်လည်း. . . (မကျွာ ပါဘူး)။ နောက်ထပ်ဖြစ်တော့လည်း မှောင်ထဲပဲ မွေးအုံးမှာ ပဲ. . . (မှန်ပါ)။ နေတော့ကော. . . (မှောင်ထဲပဲ နေမှာပါ

ဘုရား)။ နောက်သေတော့ကော. . . (မှောင်ထဲပဲ သေမှာပါ ဘုရား)။ သေတော့လည်း အလင်းရမလား. . . (မရသေးပါဘူး ဘုရား)၊ ကဲ ဒီထက်ကိုယ်ကျိုးနည်းများ ဒကာ ဒကာမတွေ ရှိသေးရဲ့လား. . . (မရှိဘူးဘုရား)။

ဒီတစ်ခါ ခင်ဗျားတို့ လင်းရင်လင်းကြပါတော့၊ ဒီတစ်ခါမှ မလင်းတော့ဘူးဆိုရင်ဖြင့် ဘယ်သူမှ ကယ်နိုင်လိမ့်မယ်လို့တော့ မယူပါနဲ့. . . (မှန်ပါ)။

## ငါးတွေဟာ ရေထဲမွေးပြီးရေထဲသေ

ငါးတွေဟာ ဒကာ- ဒကာမတို့ မွေးတော့ ဘယ်မှာမွေး သတုံး၊ ရေထဲပဲ မွေးတယ်. . . (မှန်ပါ)။ နေတော့. . . (ရေထဲ ပဲနေပါတယ်)။ သေတော့ကော. . . (ရေထဲပဲ သေပါတယ်)။ ဘာနဲ့များ တွေ့သွားသေးသတုံး မေးလို့ရှိရင် **ဘယ်ဘုရား၊ ဘယ် ရဟန္တာ၊ ဘယ်ဒါန၊ ဘယ်သီလ**နဲ့များ တွေ့သွားသေးသတုံး. . . (မတွေ့ပါဘူးဘုရား)။ တောတွင်း တိရစ္ဆာန်တွေကော ဒကာ ဒကာမတို့၊ ဘယ်ဒါန ဘယ်သီလနဲ့ တွေ့သွား သေးသတုံး. . . (မတွေ့ပါဘူးဘုရား)။ ကမ္ဘာ့ဿကတဉာဏ်ကလေးတောင် တွေ့ မသွားဘူး. . . (မှန်ပါ)။

ကိုစောမောင် ဘယ့်နှယ်ဆိုပါ့မလဲ သူ့အတွက်. . . (ကမ္ဘာ့ဿကတဉာဏ်ကလေးတောင် တွေ့မသွားပါဘူးဘုရား)။

မတွေ့တော့ သူ့အတွက်က မှောင်ထဲမွေး၊ မှောင်ထဲနေ၊ မှောင်ထဲသေ. . . (မှန်ပါဘုရား)။ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ထိုးထိုးထွင်းထွင်းသိတဲ့ပုဂ္ဂိုလ်နဲ့တွေ့လို့

အဲဒါ ခင်ဗျားတို့ မသေသေးတဲ့ ပုဂ္ဂိုလ်များသည် ဆရာသမားကောင်းများနဲ့၊ ကရုဏာ မေတ္တာရှေ့ထားတဲ့ ပုဂ္ဂိုလ်နဲ့၊ ထိုးထိုးထွင်းထွင်းသိတဲ့ ပုဂ္ဂိုလ်နဲ့လာပြီး သကာလတွေ့လို့ ကိုစောမောင် ပထမအလင်းကလေးရတယ်. . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။ သို့သော် အမှောင်က ဘယ်နှချက်ကျန်သေးသတုံး. . . (လေးချက်ကျန်ပါသေးတယ်)။ လေးချက်ကျန်တော့ အဲဒီလေးချက်ဟာ နိဗ္ဗာန်တို့ မဂ်ဉာဏ်တို့ အုပ်နေတာကိုစံလှ. . . (မှန်ပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။ ကျန်တဲ့ အချက်တွေကို အုပ်နေတယ်ဆိုတာ သဘောပါကြပြီလား . . . (ပါပါပြီ)။

## ကမ္မဿကတဉာဏ်ဆိုတာ

ဒါဖြင့် အခုတရားနာလာကြတဲ့ ဒကာ ဒကာမတွေ ကမ္မဿကတဉာဏ်ဆိုတာက ကံ ကံ၏ အကျိုးကို ယုံကြည်တာ . . . (မှန်ပါ) ။ သားကလေး ဘာကလေး ရှင်ပြုကြ၊ ဆွမ်းကလေး ဘာလေးလဲ မကြာမကြာ ကျွေးကြလှူကြစသည်နဲ့ ကိုစောမောင်

ကမ္မဿကတဉာဏ်ကလေးတွေ လုပ်ကြတာပဲ. . . (မှန်ပါ)။ ဝါတွင်း ဝါပဒ်ပင် ထိုက်တန်တဲ့ ဥပုသ်ကလေး ဘာလေးစောင့်ကြတယ်။ အသက်ရှည်တာ သီလကျေးဇူးပေါ့ကွ၊ နောက်ဘဝတွေ အသက်ရှည်ချင်လဲ ဒီသီလပဲ အားကိုးရာ ရှိတယ်ဆိုတော့ ခန္ဓာပဲ ပြန်လှည့်လိုက်တယ် . . . (မှန်ပါ)။

## နောက်ဘဝဆိုတော့ခန္ဓာပဲပြန်လှည့်တယ်

နောက်ဘဝဆိုတော့ ဘာလှည့်လိုက်သတုံး. . . (ခန္ဓာပဲ ပြန်လှည့်လိုက်ပါတယ်)။ ခန္ဓာပြန်လှည့်လိုက်တယ်ဆိုတော့ ပုညာဘိ သင်္ခါရသတ္တိဟာ လွတ်ကို မလွတ်ဘူး။ ကျော့ကွင်းထဲမှာ မိနေတာပဲ . . . (မှန်ပါ)။ မမိဘူးလား. . . (မိပါတယ်ဘုရား)။

အဲဒီတော့ နောက်ဘဝပါနေကတည်းကိုက ဒကာဒကာမတို့ အဝိဇ္ဇာ၏ စွမ်းရည်သတ္တိ မကုန်သေးဘူးဆိုတာ မှတ်ကြပါ. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။ ကျန်တဲ့ လေးခုသော အဝိဇ္ဇာတို့၏ အုပ်ချုပ်ရေး လွတ်ပြီလား. . . (မလွတ်ပါဘူး)။ အဲဒါကြောင့် သူဟာ နောက်ဘဝတွေ နောက်ဘဝတွေ ပြေးနေတာ. . . (မှန်ပါ)။ ကိုစောမောင် ရှင်းပြီလား . . . (ရှင်းပါပြီ)။

## ဖြည်းဖြည်းဆေးဆေးဟောမှရမယ်

အဲဒါ ဒကာ ဒကာမတို့ လေးလေးစားစား နားထောင်ပြီးသကာလ ဖြည်းဖြည်းဆေးဆေးဟောမှ ဒကာ ဒကာမတွေရမယ်နော် . . . (မှန်ပါ)။ ဒါကို သွက်သွက်ကြီးဟောသွားလို့ရှိရင် ဒါက ဒါဖုံးတယ်၊ ဒါက ဒါဖုံးတယ်ဆိုရင် မောင်နိုင် မှတ်မိမှာမဟုတ်တော့ဘူး. . . (မှန်ပါ)။ သိပါ့မလား. . . (မသိပါဘူးဘုရား)။ မသိပါဘူး။ ပြီးတော့ အလုပ်ကလည်း ဒီထဲမှာပါရအုံးမှာ . . . (မှန်ပါ)။

အလုပ်ကလည်းအလုပ်လုပ်ပြီး ထည့်ရမှာ ကိုစောမောင်(မှန်ပါ)။ အလုပ်စခန်းက အများကြီးပါပြီး သကာလ နေတော့တယ်။ ဒကာ ဒကာမတွေ ဖြည်းဖြည်းဆေးဆေး ၅-ရက် ၆-ရက်ဆိုသလို ဟောမှ ဒီဥစ္စာကရှင်းမယ်. . . (မှန်ပါ)။ နို့မဟုတ်လို့ရှိရင် မောင်နိုင်-ရှင်းပါ့မလား. . . (မရှင်းပါဘူး)။

အေး. . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေပြောရတယ်၊ တစ်ရက်တည်း မှန်းပြီး မလာနဲ့နော်-ဒီဥစ္စာခင်းထားကတည်းက မဂ်ဉာဏ်ဆိုက်အောင် ပြောရမှာ၊ နိဗ္ဗာန်ဆိုက် အလုပ်လုပ်စဉ်နဲ့တကွ ပြောရမှာ ဖြစ်နေတော့ ဖြုန်းခနဲနိဗ္ဗာန်ဆိုက်အောင် ပြောလိုက်ပါတော့လား၊ ဘာဖြစ်လို့ ဆွဲနေသလဲလို့ ကိုစောမောင် မေးချင်မေးလိမ့်မယ်. . . (မှန်ပါ)။ ခင်ဗျား

တို့ ကြေးတွေက တွန်းလို့ ပွတ်လို့ မကုန်လို့ ပြောနေတာ . . . (မှန်ပါ)။ ရိပ်မိပြီလား (ရိပ်မိပါပြီ)။

ကြေးက ထူလိုက်တာက ဘဝအဆက်ဆက်က ကပ်လာတာ ဘယ်အခါကာလမှ ဆပ်ပြာနဲ့ ရေမချိုးဖူးတဲ့ ကြေးတွေပဲ မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)။

## တောဒေယျပုဏ္ဏား

ကိုင်း-ဒါဖြင့် သေသေချာချာနားထောင်ကြပါ၊ ကမ္မဿကတဉာဏ်မှ မယုံနိုင်လို့ ဘုရားလက်ထက်က တုဒိရွာမှာ တောဒေယျပုဏ္ဏားဆိုတာ မရှိလား. . . (ရှိပါတယ်)။ ပေးကမ်းရင် ပစ္စည်းကုန်တယ်။ များလို့စုရင် ပစ္စည်းပွားတယ်၊ ကိုစောမောင် ဒီလိုယူကြတာ သူတို့က. . . (မှန်ပါ)။ မျက်စဉ်းတောင် ပုလင်းထဲထည့်ပြီး မျက်စဉ်းတံကလေးနဲ့တို့ရင် ကုန်သေးတယ်။ ပျားလိုစုထားရင် ဘယ်လောက်ကောင်းမလဲ။ ဒါကြောင့် တို့တော့ မပေးပါဘူး။ မလှူပါဘူးဆိုတော့ သူ့မှာ ကမ္မဿကတဉာဏ်တောင်မရှိဘူး. . . (မှန်ပါ)။

တောဒေယျပုဏ္ဏားမှာ ဒီဉာဏ်တွေရှိရဲ့လား. . . (မရှိပါဘူး)။ ဘယ်နှချက်အုပ်နေသတုံး. . . (ငါးချက်တောင် အုပ်ပါတယ်)။ ငါးချက်တောင် လုံခြုံနေအောင်အုပ်တယ်ဆိုတာကောရှင်းကြပါဦး. . . (ရှင်းပါပြီ)။

## သူ့သားအိမ်မှာခွေးဖြစ်တယ်

အဲဒါနဲ့ သေသွားတဲ့အခါကျတော့ သူ့သားရဲ့ အိမ်မှာပဲ ခွေးဖြစ်တယ်ဆိုတာလည်း အထင်အရှားမဟုတ်လား. . . (ထင်ရှားပါတယ်ဘုရား)။ ဘယ့်နှယ်ကြောင့် ခွေးဖြစ်ပါလိမ့်မတုံး မေးတော့ အပုညာဘိသင်္ခါရကြောင့်ပေါ့ ကိုစောမောင်. . . (မှန်ပါ)။ အပုညာဘိသင်္ခါရကို ဘယ်သူက အုပ်ချုပ်နေသတုံးဆိုတော့ အဝိဇ္ဇာက အုပ်ချုပ်နေတယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။ အဝိဇ္ဇာက သိကောင်းတာတော့ မသိဘူးဆိုပါတော့။ မသိကောင်းတာကို သူသိနေတယ်. . . (မှန်ပါ)။ ကုန်မှတော့ သူသိတယ်။ ရမှာတော့ သူမသိဘူး. . . (မှန်ပါ)။

## သူ့သား၊ သုဘလုလင်

ပစ္စည်းကုန်မှာတော့. . . (သိပါတယ်)။ နောက်ဘဝကောင်းကျိုးရမှာ၊ နိဗ္ဗာန်တိုင်အောင် ရမှာတော့ . . . (မသိပါဘူးဘုရား)။ အဲဒါကြောင့် တောဒေယျဟာ ပေးကမ်းလှူဒါန်းလုပ်သေးရဲ့လား. . . (မလုပ်ပါဘူးဘုရား)။ မလုပ်တော့ သူ့သား သုဘဆိုတဲ့ လုလင်အိမ်မှာ သူသေတော့ ခွေးသွားဖြစ်တယ်ဆိုတာ မထင်ရှားဘူးလား. . . (ထင်ရှားပါတယ်ဘုရား)။

ဒကာ ဒကာမတို့ သဘောပါပြီလား. . . (ပါပါပြီ)။ ဒါဘယ်ဉာဏ်ကိုတောင်မှ အုပ်ချုပ်ထားတယ်ဆိုတာကော ပေါ်ပြီ

လား. . . (ပေါ်ပါပြီ)။ ကမ္မဿကတဉာဏ်ကိုတောင်မှ လင်းခွင့် ပွင့်ခွင့် ကိုစောမောင် ပေးသေးရဲ့လား. . . (မပေးပါဘူး)။ ၁-နံပါတ် အဝိဇ္ဇာက အုပ်ထားလိုက်တယ်. . . (မှန်ပါ)။ ၂-နံပါတ်၊ ၃-နံပါတ်၊ ၄-နံပါတ်၊ ၅-နံပါတ် တို့တော့ ပြောဖို့ရာ မရှိပေါ့ဗျာ အုပ်မြဲပေါ့. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

ကိုင်း-ကမ္မဿကတဉာဏ်ကလေးတောင် နတ်ရွာ သုဂတိ ရောက်ဖို့ရာကလေးတောင် နိဗ္ဗာန်ဆိုတာ အသာထား စမ်းပါအုံး ကိုစောမောင်. . . အဲဒီဉာဏ်ကလေးတောင် မပွင့်ဘူး . . . အုပ်ထားတယ်. . . (မှန်ပါ)။ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရ သူရှိတယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

ကိုင်း ဒကာ ဒကာမတို့၊ အဝိဇ္ဇာကြောင့် အကုသိုလ် ဖြစ်ရတယ်ဆိုတာ နှမြောတဲ့အကုသိုလ်တွေ မလာဘူးလား. . . (လာပါတယ်ဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## ဘုရားကို ခွေးကဟောင်တယ်

ဘုရားက ဆွမ်းခံသွားတော့ အဲဒီခွေးက မဟောင်ဘူး လား. . . (ဟောင်ပါတယ်)။ ဘုရားကတော့ ဟော့-တောဒေယျ မင်းဟာ ကမ္မဿကတဉာဏ်လောက်မှ မရှိခဲ့တဲ့ ဆွမ်းတစ်ဇွန်း

တစ်ယောက်မတောင် မလှူမတန်းဘဲ သေသွားလို့ ခွေးဖြစ်နေတာ အခု ငါ့ဘုရားကို နောက်ထပ် အမိုက်ဓာတ်နဲ့ ပြစ်မှားပြန်ပြီလားလို့ မေးလိုက်တယ်. . . (မှန်ပါ)၊ တောဒေယျက ဖြစ်လာတဲ့ ခွေးနဲ့စကားပြောရတယ်. . . (မှန်ပါ)။

ဘုရားက အင်မတန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီး ခွေးကလေးနဲ့ ဘာဖြစ်လို့ စကားပြောပါလိမ့်မတုံးဆိုတော့ တောဒေယျရဲ့ သားကလေး ကျွတ်တမ်းဝင်ပါစေတော့လို့. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## သူ့သားကျွတ်တမ်းဝင်ပါစေတော့လို့

သူမွေးထားတဲ့ သားကလေးကို ဘာဖြစ်စေလိုလို့လဲ . . . (ကျွတ်တမ်းဝင်အောင်လို့ပါ)။ ဒါတောင်မှ ကျွတ်တမ်းဝင်ဖို့ အရေးကို သူ့အဖေပြချွတ်ရမှာ မောင်နိုင်. . . (မှန်ပါ)။ ဒီတွင်မှ သူ့သား သုဘလုလင်က ဒီခွေးကို အင်မတန်ချစ်ခင်နေတော့ ခွေးဟောင်သံကြားတယ်၊ ဟော့-ဆိုပြီး ဆင်းလာပြီး အခိုင်းအစေတွေ မေးတော့ မြတ်စွာဘုရားကြွလာတယ်။ ခွေးကို ပြောသွားတယ်။ ဘယ့်နှယ်ပြောသွားသတုံး။ တောဒေယျလို့ ခွေးကို ခေါ်ပါတယ်၊ ဆွမ်းတစ်ဇွန်းတစ်ယောက်မလောက်မှ လှူခဲ့တာ မရှိလို့ ခွေးဖြစ်ရတဲ့အထဲမှာ အခု ငါ့ဘုရားကို ပြစ်မှားပြန်ပြီလား။ မင်း ဒီတစ်ခါသေရင် အဝီစိသွားလိမ့်မယ်ပြောသွားတယ်လို့ ပြန်ပြောပြတယ်. . . (မှန်ပါ)။

သူကလည်း ပုဏ္ဏားမျိုးဖြစ်နေတော့ မကျေနပ်လိုက်တာ ဒကာ ဒကာမတို့၊ သူတို့ပုဏ္ဏားများသေရင် ဗြဟ္မာဖြစ်တယ်လို့ ယူထားတာကိုး. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## မင်းအဖေခွေးဖြစ်နေတယ်

ဒါနဲ့ မကျေနပ်ပါဘူး၊ ကျောင်းလိုက်ပြီး မေးပါမယ်ဆိုပြီး မေးတော့ မင်းအဖေ ခွေးဖြစ်နေတယ်လို့ ဘုရားက အတိအလင်းပဲ မိန့်ကြားလိုက်တယ်. . . (မှန်ပါ)။ မင်းမယုံလို့ရှိရင် နက်ဖြန်ကျတော့ ရေမရောတဲ့ နို့ရည်နဲ့ဆန်ပြုတ်ကျိုပြီး ကျွေးစမ်း၊ နို့ထမင်းကျိုပြီး ကျွေးစမ်းကွာ။ သူအိပ်ချင်လို့ နည်းနည်းကလေး မျက်စိမှေးတဲ့အခါ မင်းကကျောကလေးသပ်ပေး။ ရွှေဘယက် ဧ၍ခြေနင်း ဘယ်ထားခဲ့သတုံး၊ ရွှေလင်ပန်း ဘယ်ထားခဲ့သတုံး မေး။ ပြောပါလိမ့်မယ် မိန့်လိုက်တယ်. . . (မှန်ပါ)။

## ပစ္စည်းတွေယက်ပြီးပြတယ်

ဒါနဲ့ပြန်လာခဲ့ပြီး နက်ဖြန်ကျတော့ ကျွေးလည်းကျွေးတာပဲ မောင်နိုင်။ ကျွေးပြီးတော့ အိပ်ချင်နေတုန်း မျက်လုံးမှေးမှေးနေတဲ့အချိန်မှာ ကျောသပ်ပြီးမေးတော့ ရတာပဲ။ ပြောတော့ သူခြေကလေး လက်ကလေးနဲ့ ယက်ပြီးနေရာတိုင်း လျှောက်ပြတာ ကိုစောမောင်။ တူးကြည့်တော့ ရတာပဲ. . . (မှန်ပါ)။

ဘယ်သူက ဖြစ်လာတဲ့ခွေးလဲ၊ သူ့အဖေက ဖြစ်လာတဲ့ခွေး. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။

ဘာနဲ့ သေသွားသတုံးလို့ မေးတဲ့အခါကျတော့ သူ့သား ကလေးကိုလည်း သုံးဖြုန်းပစ်မှာ သိပ်စိုးရိမ်တယ်။ ငါစုထားတာ တွေ နည်းတာမဟုတ်ဘူး။ ဒီကောင်ဟာ ရမ်းပြီး ဖြုန်းပစ်လိုက်လို့ ရှိရင် ခက်ချေရဲ့ဆိုပြီး ပစ္စည်းစွဲသွားတော့ တဏှာနဲ့ စွဲသွားတော့ အပုညာဘိသင်္ခါရမနေဘူးလား. . . (နေပါတယ်)။ ဘယ်သူက အုပ်ချုပ်ထားသတုံး. . . (အဝိဇ္ဇာက အုပ်ချုပ်ထားပါတယ် ဘုရား)။ အပုညာဘိသင်္ခါရာ. . . ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီ ဘုရား)။

## သေတော့ငရဲကျတယ်

ဒါကလေးတွေ သားလည်း အမွေပေးပြီးပါရော ကိုစောမောင် သေတာပါပဲ။ သေပြီး ငရဲသွားပါလေရော. . . (မှန်ပါ)။

ကဲ-သမ္မသကတဉာဏ်တောင် ဖုံးထားတယ်ဆိုတာ ပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။ ကံ - ကံ၏ အကျိုး ယုံကြည်ရဲ့ - အလှူအတန်းကလေး၊ သီလကလေးလောက် တောင်မှ ပါသေးရဲ့လား. . . (မပါပါဘူး)။ ဘယ်လောက်များ ဆိုးသတုံး . . . (ဆိုးပါတယ်ဘုရား)။ ဘယ်သူအုပ်ထားတယ်

ဆိုတာ သက်သေခံလုံလောက်ပြီလား. . . (လုံလောက်ပါပြီ)။
၁ - နံပါတ် ကမ္မဿကတဉာဏ်ကို ဘယ်သူအုပ်ထားသတုံး
. . . (အဝိဇ္ဇာအုပ်ထားပါတယ်)။

## အပုညာဘိသင်္ခါရ

ကိုင်း-ယခု ဒကာ ဒကာမတွေတော့ ဒါဟာ မအုပ်ပါဘူး လို့ဘဲ၊ ဘုန်းကြီးက ဆိုပါတယ်. . . (မှန်ပါ)။ သို့သော် အုပ်တဲ့ အခါလည်း အုပ်သေးတယ် . . . (မှန်ပါ)။ ဆွမ်းတော်ကို မမျှနိုင် ဘူး၊ ဝမ်းတောင်မှ မဝဘဲနဲ့ဆိုတဲ့အခါကျတော့ အုပ်သွားပြန်တာပဲ . . . (မှန်ပါ)။ မလာဘူးလား. . . လာသလား. . . (လာပါ တယ်)။

ဆွမ်းတော်မမျှနိုင်ဘူး၊ ဝမ်းတောင်မှ မဝတဲ့အခါဆိုတော့ မစ္ဆရိယ ကိုစောမောင် ပါ. . . မပါ. . . (ပါပါတယ်ဘုရား)။ ဒီကျတော့ အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရပါဘုရား)။ အပုညာဘိ သင်္ခါရလုပ်ပါ. . . (မှန်ပါ)။

## ပုညာဘိသင်္ခါရ

ကိုင်း - နောက်ဘဝကောင်းစားရေးဆိုပြီး တစ်ခါလုပ် ပြန်တယ်။ ဒီဘဝလည်း တို့လူဘမ်းစေ့စေ့နေနိုင်တယ်။ ဒီလို မလျှလို့ရှိရင် နောက်ဘဝ ဒီထက်ပိုဆင်းရဲချေရဲ့၊ နောက်ဘဝ

ပါလို့ရှိရင် လှူပြန်တော့ ပြန်ရွတ်ကြပါအုံး။ အဝိဇ္ဇာပစ္စယာ. . . (ပုညာဘိ သင်္ခါရပါ)။ ပုညာဘိသင်္ခါရဘက် သွားပြန်ရော ကိုစောမောင်. . . (မှန်ပါ)။

မလှူဘဲနေပြန်တော့လည်း အဝိဇ္ဇာပစ္စယာ . . . (အပုညာဘိသင်္ခါရာပါဘုရား)။ ဝင့်တောင့်တပြီး ဘုံဘဝတွေ တောင့်တပြီး နောက်ဘဝ မျှော်လင့်ရေးနဲ့ လုပ်ပြန်တော့လည်း . . . (အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာပါဘုရား)။ ဘယ်ဟာမှ မကောင်းဘူး. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။

မကောင်းတာချည်းပဲဆိုတော့ သို့သော် မကောင်းထဲက မှ မကောင်းရှာတော့ အပုညာဘိသင်္ခါရက ပိုပြီးမကောင်းတယ် . . . (မှန်ပါ)။ ဒါမကောင်းထဲကမှ အကောင်းရှာလို့ရှိရင် ပုညာဘိ သင်္ခါရကမှ တော်သယောင်ရှိသေးတယ်။ သို့သော် သံသရာ အပြင်ဘက်တော့ မထွက်ဘူး. . . (မှန်ပါ)။ **အိုဘေး၊ နာဘေး၊ သေဘေး**တော့ . . . (မလွတ်ပါဘူးဘုရား)။ မလွတ်ဘူးဆိုတာ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

## သစ္စာမြင်ပြီးလှူစေချင်လို့

အဲဒါကြောင့် ဒီကုသိုလ်မျိုးကို မလုပ်ပါနဲ့။ လှူမယ်၊ တန်းမယ်၊ ပေးမယ် ကမ်းမယ်ဆိုလို့ရှိရင် မိမိခန္ဓာကြီးကို ဝိပဿနာ ရှုလို့ ဟောဒီဒုက္ခဝဋ်မှ ကျွတ်ရပါလို၏ဆိုပြီး လှူကြပါဆိုတာ

ဆရာဘုန်းကြီးက ခဏခဏ သတိပေးပါတယ်. . . (မှန်ပါ)။ သစ္စာမြင်ပြီး လျှစေချင်လို့ ပြောပါတယ်. . . (မှန်ပါ)။ ဒုက္ခဝဋ်မှ ကျွတ်စေချင်လို့နော်. . . (မှန်ပါ)။

အဲဒါမျိုးကျတော့ ဘယ်လောက်ပဲလှူလှူ ဒကာ ဒကာမတို့ ပုညာဘိသင်္ခါရ မဖြစ်တော့ဘူး. . . (မှန်ပါ)။ ဝိဝဋ္ဋကုသိုလ်ဖြစ်သွားပြီဆိုတာ သဘောကျပြီလား. . . (ကျပါပြီ)။ နဂိုက ဒုက္ခသစ္စာ ကျွတ်ချင်လို့ စွန့်တာကိုးဗျာ။ ဒုက္ခသစ္စာ ကျွတ်ချင်တာက ဉာဏ်မဟုတ်လား. . . (မှန်ပါ)။ သစ္စာဉာဏ်နဲ့ လှူတာ. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

## သစ္စာဉာဏ်နဲ့လှူရင်သံသရာတိုတယ်

သစ္စာဉာဏ်နဲ့လှူခဲ့လို့ ဒီဥစ္စာက သံသရာတိုတယ်. . . (မှန်ပါ)။ ဘုရားက ငါဘုရား သစ္စာမသိလို့ သံသရာရှည်ခဲ့တယ် . . . (မှန်ပါ)။ မင်းတို့လည်း သစ္စာသိပြီးလုပ်ရင် သံသရာပြတ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဘုရားက ထောက်ခံချက်မပေးဘူးလား. . . (ပေးပါတယ်ဘုရား)။

**စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ သန္ဓာဝိဿံ သံသရိတံ ဒီဃမဒ္ဓါနံ** ဆိုတာ ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ဟောတာ. . . (မှန်ပါ)။ သစ္စာမသိတော့ ငါဘုရား လည်း သံသရာရှည်ခဲ့တာပဲ. . . (မှန်ပါ)။ သစ္စာသိတဲ့ အချိန်ကျ

မှ ကိုယ်တော်ကြီးလည်း ကျွတ်တမ်းဝင်တော်မူခဲ့ရတယ်။ သစ္စာ သိတဲ့ အချိန်ကျမှ ခန္ဓာဇာတ်သိမ်းတော့တယ်ဆိုတာလည်း ဘုရားက လုံလောက်အောင် ကိုစောမောင် ဟောသွား - မသွား . . . (ဟောသွားပါတယ်ဘုရား)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီ)။

## တရားပွဲမှာအဝိဇ္ဇာကခွာပြီးသား

ဒါဖြင့် ဒကာ ဒကာမတို့ ၁-နံပါတ် ကမ္ဘာသိကတဉာဏ်ဖုံး နေတဲ့ အဝိဇ္ဇာတော့ဖြင့် ဟောဒီ တရားပွဲမှာ ဒကာ ဒကာမတွေ အကုန်ပဲခွာပြီးသားပါပဲ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။ ဒါဖြင့် ၁-နံပါတ်ဖြုတ်လိုက်ပါ ဒကာ ဒကာမတို့၊ ဘယ်နှယ်ခု ကျန်သတုံး. . . (လေးခုကျန်ပါတယ်ဘုရား)။ ဒီတော့ အမှောင်ခွင်းလို့ အလင်းရောက်ပြီလားလို့ မေးရင် ကိုစောမောင်က ဘယ့်နှယ်ဖြေမတုံး. . . (မရောက်သေးပါဘူး ဘုရား)။ နောက်က ဒကာ ဒကာမတွေ . . . (မရောက်သေးပါ ဘူးဘုရား)။ အမှောင် ဘယ်နှချက်လိုသေးသတုံး. . . (လေး ချက်လိုပါတယ်ဘုရား)။ လေးချက်အုပ်နေသေးတယ်ဆိုကတည်း က ဒကာ ဒကာမတွေ ရေးရေးကလေး ရှိသေးတယ်. . . (မှန်ပါ)။ ရေးရေးကလေးဆိုတော့ တော်တော်စူးမယ့်ဆူးကို မြင်ပါ့ မလား. . . (မမြင်ပါဘူး)။ တော်တော်သေးတဲ့ မြွေကို မြင်ပါ့ မလား. . . ( မမြင်ပါဘူး)။ ဒါဖြင့် ဒီမြွေကိုက်လို့၊ ဒီဆူး စူးလို့

သေပါလိမ့်အုံးမယ်၊ ရေးရေးရှိသေးတာကိုး. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ပြင်ကြပါအုံး၊ ဆင်ကြပါအုံး၊ ဒီဥစ္စာဖြင့် ခွာကြပါအုံးဆိုတာကို သတိပေးထိုက်၊ မပေးထိုက် . . . (ပေးထိုက်ပါတယ်ဘုရား)။ ရှင်းပြီနော်. . . (ရှင်းပါပြီ ဘုရား)။

## ၂။ ခန္ဓာကိုယ်မှာ ရုပ်နဲ့နာမ်ပဲရှိတယ်

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ၂-နံပါတ် အဝိဇ္ဇာကို ခွာကြပါစို့။ ၂-နံပါတ် ခွာကြပါစို့ဆိုတော့ ခန္ဓာကြီးထဲမှာ ရုပ်နဲ့ နာမ်ပဲရှိတယ် ကိုစောမောင်. . . (မှန်ပါ)။

အားလုံး တရားနာနေတဲ့ ဒကာ ဒကာမတွေ ဘာပဲရှိပါ လိမ့်. . . (ရုပ်နဲ့ နာမ်ပဲ ရှိပါတယ်ဘုရား)။

ဒါကလေးတောင်မှ တစ်ခါတစ်ခါ ဒကာ ဒကာမတွေက ရုပ်နာမ်ကလေးကိုပဲ တယ်-ငါရိုက်လိုက်ရ သေကုန်တော့မယ်၊ ငါအော်လိုက်ရလို့ရှိရင် လူကြားကုန်တော့မယ်၊ ရုပ်နာမ်ကို ငါလုပ်လာလိုက်သေးတယ်။ မလာဘူးလား. . . (လာပါတယ် ဘုရား)။ ငါအော်လိုက်ရလို့ရှိရင်ဖြင့် အိမ်ကို ပွက်လောလန်သွား တော့မယ်၊ ငါ ဒါကြောင့် ရေငုံနေတာ. . . စသည်ဖြင့် ရှုပ်လို့ ကိုဖောမောင်. . . (မှန်ပါ)။ ဒါ ရုပ်နာမ်ကို မသိတဲ့ အဝိဇ္ဇာက

လုပ်နေတာ ကိုစောမောင်. . . (မှန်ပါ)။

## ရုပ်နာမ်မှန်းမသိအောင်ဖုံးထားတယ်

ဘယ်သူက လုပ်တာပါလိမ့်. . . (အဝိဇ္ဇာကလုပ်တာပါ)။ ၂-နံပါတ် အဝိဇ္ဇာက လုပ်တာ. . . (မှန်ပါ)။ ရုပ်နာမ်မှန်းမသိအောင် ဖုံးထားတဲ့ အဝိဇ္ဇာက လုပ်တယ်။ ရုပ်နာမ်ပေါ်သေးရဲ့လား . . . (မပေါ်ပါဘူး)။

အဲဒါကျတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ လျှော့ပေးလို့မရတော့ဘူး၊ ရှိနေသေးတယ်လို့ ဟောရမယ်. . . (မှန်ပါ)။

ကိုစောမောင် ဘယ့်နှယ်ဟောရမတုံး. . . (ရှိနေသေးတယ်လို့ ဟောရပါမယ်ဘုရား) ရှိနေသေးတယ်ပဲ ဟောရမယ်။ ဒါအလုပ်မလုပ်တဲ့အချိန်မှာ ရှိနေတယ်နော်. . . (မှန်ပါ)။

ဒါဖြင့် အဝိဇ္ဇာသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ရှိလို့သာ ဒီဒိဋ္ဌိထွက်လာတာ ကိုစောမောင် . . . (မှန်ပါ)။ အဝိဇ္ဇာအုပ်ချုပ်ရေး ရှိနေလို့ ဒိဋ္ဌိလောဘထွက်လာတာပေါ့. . . (မှန်ပါ)။ သူလည်း တိုတိုပြောတော့ သူလည်း သခ်ီရထဲကပါပဲ. . . (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

## သူတော်ကောင်းအလုပ်ကိုလုပ်ကြစမ်းပါ

ကိုင်း ဒကာ ဒကာမတို့အိမ်မှာ နေတဲ့အချိန် သူတော်

ကောင်းအလုပ်ကို ဆရာဘုန်းကြီးက လုပ်ကြစမ်းပါ၊ လုပ်ကြစမ်းပါ၊ ဖြစ်ပျက်ကလေးမြင်အောင် လုပ်ကြစမ်းပါ၊ ဖြစ်ပျက်ကလေးမုန်းသွားအောင် လုပ်ကြစမ်းပါ၊ ဖြစ်ပျက်ကလေးဆုံးသွားအောင် လုပ်ကြစမ်းပါဆိုတာများ ခင်ဗျားတို့ အလင်းရပါစေတော့လို့ ပြောနေတာ. . . (မှန်ပါ)။ ခင်ဗျားတို့က ကြေးထူနေသေးတယ်၊ တပည့်တော်တို့က အမှောင်ကြိုက်ဘုရားလို့၊ ကြေးထူတဲ့လူဟာ အမှောင်ကြိုက်လို့ဆိုတဲ့ စကားနဲ့ကော ထူးသေးရဲ့လား. . . (မထူးပါဘူး)။

## သားဆူးကစူး၊ သမီးဆူးကစူး

ကိုစောမောင် သဘောပါရဲ့လား. . . (ပါပါတယ်ဘုရား)။ လုပ်တော့လုပ်မယ်လို့ ရည်ရွယ်ချက်တော့ရှိတယ်။ ရည်ရွယ်ချက်တော့ရှိရင် အမှောင်ထဲ ပျော်သေးလို့လားလို့ အခုမေးရုံပဲ. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။ မှောင်ထဲမှာ စမ်းသွားနေရလို့ ခလုတ်တံသင်းတွေနဲ့ စူးလိုက်တိုက်လိုက်နဲ့။ သားတည်းဟူသော ဆူးကစူးလိုက်၊ သမီးတည်းဟူသော ဆူးကစူးလိုက်၊ ဒါကို ကြိုက်နေသေးလို့လားလို့ မေးဖို့ မလိုဘူးလား. . . (လိုပါတယ်)။ သားတည်းဟူသော ဆူးကစူးလိုက်လည်း ရင်ထဲမှာ ထိတ်ခနဲ၊ သမီးတည်းဟူသော ဆူးကစူးလိုက်လည်း ရင်ထဲမှာ ထိတ်ခနဲ၊ မျက်ရည်တွေ ဖြိုက်ခနဲ

ကျလာတယ်၊ မကျဘူးလား-ကျပါတယ်၊ အဲဒါ မှောင်ထဲသွား နေလို့ဖြစ်ချင်သလို ဖြစ်နေတာ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။

## ရုပ်နာမ်မသိတဲ့အဝိဇ္ဇာမကွာလို့

အဲဒီလိုဖြစ်တာတွေ ဟူသရွေ့ကို ဒကာ ဒကာမတွေက စဉ်းစားခန်း ထုတ်လိုက်တဲ့အခါကျတော့ ဩော်- ၂-နံပါတ် အဝိဇ္ဇာ မကွာလို့ ဒီဆူး အစူးခံနေရတာ. . . (မှန်ပါ)၊ သားသမီး ဆူးစူး၊ ပစ္စည်းဆူးကစူး၊ ပစ္စည်းတွေကလည်း တစ်ခါတလေ ကျတော့ မြတ်မယ်လို့ ထားလိုက်တာ ရှုံးတယ်ဆိုတော့ ဟိုက်ခနဲ - စူးလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ . . . (မှန်ပါ)။ အငြိမ်ကို နေလို့ရရဲ့လား. . . (မရပါဘူးဘုရား)။ အခုသွားပါဟ အခုပြော ပါဟ၊ အခုဆိုပါဟ၊ အခုလိုက်ပါဟ-စသည် မလာဘူးလား . . . (လာပါတယ်ဘုရား)။

## ဆူးဟူသ၍ ကျုပ်တို့အတွက်

အဲဒါ ရုပ်နာမ်မှ မသိတဲ့ အဝိဇ္ဇာအုပ်ချုပ်ပြီး သကာလ ထားလိုက်တဲ့အတွက် ကျုပ်တို့မှာဖြင့် ဆူးဟူသရွေ့ဟာ ကျုပ်တို့ အတွက်ချည်းပဲ . . . (မှန်ပါ)။ သားက စူးလိုက်၊ သမီးက စူးလိုက်နဲ့ အမေအဖေမှာ လိုက်စူးနေတာပဲ . . . (မှန်ပါ)။

သားသမီးက စူးတာကော . . . (အမေအဖေမှာပါ)။ ပစ္စည်းက စူးတာကော. . . (အမေအဖေပါပဲ)။ ခေါင်းဆောင်မှာသာပြီးစူး တယ်လို့ ဆိုကြပါစို့ . . . (မှန်ပါ)။

ဘယ့်နှယ်ဆိုကြပါ့မလဲ . . . (ခေါင်းဆောင်မှာသာပြီး စူးပါတယ်)။ သူက မှောင်ထဲ အပြေးသန်သကိုး . . . (မှန်ပါ)။ မှောင်ထဲ အပြေးသန်တဲ့ပုဂ္ဂိုလ်ဟာ ဆူးများလိမ့်မယ်ဆိုတာကော ဦးပြန့် ရိပ်မိပြီလား . . . (ရိပ်မိပါပြီ)။ ခင်ဗျားတို့က အိမ်ခေါင်း ဆောင်တွေဆိုတော့ အတော်ခက်နေတာ။ အိမ်က လူကတော့ ပြန်မှသိရမယ်၊ ကိုယ်ကဖြင့် စူးပြီးခဲ့ပြီဆိုတဲ့ အဓိပ္ပာယ်မျိုး လာမသွားဘူးလား . . . (လာသွားပါတယ်)။

ရုပ်နာမ်ရယ်လို့မှ သိသေးရဲ့လား . . . (မသိပါဘူး)။ အဲ- မသိတဲ့ အခါကျတော့ ငါလုပ်ဖြစ်တယ်ဆိုပြီး သကာလ ငါနဲ့ချည်း သွားလိုက်ကြတာ၊ မသိအောင် ဖုံးထားတဲ့ အဝိဇ္ဇာက ဖုံးထား လိုက်တာ အကုန်ငါဖြစ်ပြီး သကာလ ရုပ်နာမ်တွေ ငါဖြစ်မသွား ဘူးလား . . . (သွားပါတယ်)။ အဲဒီကျအောင် ဖုံးထားတာက ဘယ်နံပါတ် အဝိဇ္ဇာပါလိမ့် . . . (၂-နံပါတ် အဝိဇ္ဇာပါ)။ **၂-နံပါတ် အဝိဇ္ဇာ**ဆိုတာ တော်တော်ခွာလို့ လွယ်တယ်မှတ် သလား . . . (မလွယ်ပါဘူး)။

## မရှိရင် ပေါင်နှံပြီးပေးရမယ်

မလွယ်ဘူး ဒကာ ဒကာမတွေ။ ၂-နံပါတ်အဝိဇ္ဇာက သူကတော့ အမှောင်ထဲ သွားနိုင်တယ်၊ ခုနင်က ပြောတဲ့ ဆွေကိစ္စ မျိုးကိစ္စ စသည်ဖြင့် နေမကောင်းလဲ မနေနိုင်ဘူး၊ မရှိလဲ ပေါင်နှံပြီးသကာလ ကူတန်ကူရမယ့်ကိစ္စတွေကော. . (ရှိပါတယ် ဘုရား)။ လှည့်ပတ်ပြီး ပေးရမယ့်ကိစ္စတွေကော . . . (ရှိပါတယ် ဘုရား)။ အို-မပြောပါနဲ့တော့ အဲဒါတွေက တစ်ခါတည်း ချမ်းသာလဲပေး၊ မချမ်းသာလဲပေး၊ ရှိလဲပေး၊ မရှိလဲပေး မတတ်နိုင်ဘူး။ ဆင်းရဲတဲ့ဘဝကျလာရင် ဒီဥစ္စာတွေဟာ တစ်ခါတည်း ကိုယ့်ကိုယ်ချည်း စူးတဲ့ အဓိပ္ပာယ် မလာဘူးလား . . . (လာပါတယ် ဘုရား)။ ဘယ့်နှယ့်ကြောင့် ဒီစူးချက် သန်နေပါလိမ့်-မှောင်ထဲပြေးနေတာကိုး . . . (မှန်ပါ)။ ၂-နံပါတ် အမှောင်အောက်မှာ သူပြေးနေတာ . . . (မှန်ပါ)။ ရုပ်နာမ်မှ မသိတော့ဘဲ ကိုးဗျ . . . (မှန်ပါ)။

## ရုပ်နာမ်သိရင် ဒိဋ္ဌိကွာတယ်

ရုပ်နာမ်သိလို့ရှိရင် ငါဆိုတဲ့ ဒိဋ္ဌိက ကွာမနေဘူးလား၊ (ကွာနေပါတယ်)။ ငါမှ မရှိဘူးဆိုလို့ရှိရင် ငါမရှိရင် သားဆိုတာကော . . . (မရှိပါဘူး)။ သားဆူးလဲ မစူးတော့ဘူး၊ သမီးဆူးကော . . . (မစူးပါဘူး)။ ပစ္စည်းဆူးကော . . . (မစူးပါဘူး)။

အခုတော့ ၂-နံပါတ်**အဝိဇ္ဇာ**က အုပ်ချုပ်ပြီး သကာလ နေတော့ ဒိဋ္ဌိတည်းဟူသော ဆူးကလဲ ငါရှိပြီးသကာလ နေပြန်တော့ သားကိစ္စနဲ့ ကြံပြန်လဲ ဟိုက်ခနဲ ရင်ပူလိုက် တန်းခုန်လိုက် မြေလူးလိုက် လာပြန်တာပဲ။ မလာဘူးလား . . . (လာပါတယ်ဘုရား)။

အဲဒါတွေ ကြည့်လိုက်တော့ ဘယ်အဝိဇ္ဇာ မကျော်လွှား နိုင်လို့ ဒီကိစ္စတွေ အကြံကြီး အဆုံကြီး ဆုံနေရပါလိမ့်မလဲ အကဲခတ်မိကြပြီလား . . . (ခတ်မိနေပါပြီ)။ ဘယ်အဝိဇ္ဇာတုံး . . . (၂-နံပါတ်အဝိဇ္ဇာပါဘုရား)။ ၂-နံပါတ်ရုပ်နာမ်မသိအောင် ဖုံးထားတဲ့ အဝိဇ္ဇာဒဏ်ချက်ကြောင့် သားဆူး၊ သမီးဆူး၊ ဆွေဆူး၊ မျိုးဆူး၊ ငါတည်းဟူသော ဆူးတွေက စူးလိုက်တဲ့ဖြစ်ခြင်း မောင်နိုင်ရေ။ ရှေ့သွားနောက်ဆူး . . . (မှန်ပါ)။ အိမ်နေတဲ့ အချိန်မှာလဲ အဝေးအတွက် လှမ်းစူးလိုက်တာကလဲ နည်းသ လား. . . (မနည်းပါဘူး)။

## ငါရှိလို့ ငါ့သား ငါ့သမီးရှိနေတာ

ဘယ်လောက်ထိအောင် ဒကာ ဒကာမတွေ ရုပ်နာမ် ပဲလို့ဆိုတာ မသိတဲ့အတွက် ကိုစောမောင်ရေ ငါရှိလို့ ငါ့သားက ရှိနေတာကိုး။ ရုပ်နာမ်ရယ်လို့ သိသေးရဲ့လား . . . (မသိပါဘူး)။ ငါရှိလို့ ငါ့သမီးကကော . . . (ရှိနေပါတယ်)။ ငါရှိနေလို့ ငါ့ပစ္စည်း

ကကော . . . (ရှိပါတယ်ဘုရား)။ ငါရှိလို့ ငါ့ဆွေမျိုးကော . . . (ရှိပါတယ်ဘုရား)။ ငါရှိလို့ ငါ့ဥစ္စာတွေကော . . . (ရှိပါတယ်ဘုရား)။ ရှူးလိုက်တဲ့ဖြစ်ခြင်းတွေ။ မောင်နိုင်အားသေးရဲ့လား . . . (မအားပါဘူးဘုရား)။ အဲဒီ မအားအောင် စူးတာသည် ဒကာ-ဒကာမတို့ ငါတည်းဟူသော ရုပ်နာမ်မသိတဲ့ ဒိဋ္ဌိက မဖြုတ်တတ်ပါဘူး။ မပြုတ်တော့ အဝိဇ္ဇာအုပ်လျက်ပဲဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်)။

## အလေးချိန်ရှိတာရုပ်

ဒါကြောင့် ဒကာ-ဒကာမတို့ ရုပ်နာမ်ကလေး သိလို့ရှိရင်ဖြင့် ၂-နံပါတ်အဝိဇ္ဇာကွာမယ် . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။

ရုပ်နာမ်သိဖို့ဆိုတော့ မခက်လှပါဘူး ဒကာ-ဒကာမတို့။ ခင်ဗျားတို့ ကိုင်တွယ်စမ်းသပ်လို့ရတဲ့ အလေးချိန်ရှိတာကြီးဟာ ရုပ်ပဲ . . . (မှန်ပါ)။ ဒီထဲမှာ စားချင် သောက်ချင် ပြောချင်ဆိုချင် ဆိုတာကလေးတွေဟာ အထည်လဲမရှိဘူး။ ချိန်တွယ်လို့လဲ မရဘူး။ ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ ပေါ်လာပြီး ချုပ်သွားကြတဲ့ ဝေဒနာကလေးတို့၊ စိတ်ကလေးတို့၊ သညာကလေးတို့ဟာ မောင်နိုင်-နာမ်လို့ မှတ်လိုက်ပါ . . . (မှန်ပါ)။

## အခိုင်းသမားကနာမ်၊ အလုပ်သမားကရုပ်

ဒါဖြင့် အခိုင်းသမား နာမ်၊ အလုပ်သမားရုပ်လို့ မှတ်လိုက်ရင်လဲ မပြီးဘူးလား . . . (ပြီးပါတယ်ဘုရား)။ ဒီလို ချည်း သိနေပြန်လို့ရှိရင်လဲ ငါဆိုတာ ရှာတွေ့သေးရဲ့လား . . . (မတွေ့ပါဘူး)။ အဲ-ငါရှာမတွေ့တဲ့ အခြေအနေရောက်ပြန်တော့ လဲ ဒကာ-ဒကာမတို့ ၂-နံပါတ်အဝိဇ္ဇာကွာသွားတဲ့အတွက် ငါမရှိလို့ ငါ့သား၊ ငါ့ပစ္စည်း၊ ငါ့ကိုပြုသွားပြန်ပြီး အစရှိသည်နဲ့ လာသေးရဲ့လား . . . (မလာပါဘူး)။

ဒါဖြင့် ရုပ်နာမ်ကွဲမှ ကိုစောမောင် ၂-နံပါတ်အဝိဇ္ဇာ ကွာမယ် . . . (မှန်ပါ)။

သို့သော် ဝိဇ္ဇာဥဒပါဒိဆိုတဲ့ စတုတ္ထ၊ ပဥ္စမတို့နဲ့ အဝေး ကြီးကျန်သေးတယ် . . . (မှန်ပါ)။ မကျန်ဘူးဘူး . . . (ကျန်ပါ တယ်)။ သဘောပါကြပြီလား . . . (ပါပါပြီ)။

## အလင်းကလေးနှစ်လင်းတော့ရပြီ

ဒါဖြင့် ရုပ်နဲ့နာမ်သိလို့ရှိရင် ဘယ်အဝိဇ္ဇာကွာသတုံး. . . (၂-နံပါတ် အဝိဇ္ဇာကွာပါတယ်)။ အဲ-အလင်းကလေး နှစ်လင်း ရောင်တော့ဖြင့် ရပေါ့လို့ ဆုံးဖြတ်ချက် မချနိုင်ဘူးလား . . . (ချနိုင်ပါတယ်ဘုရား)။ ကမ္ဘာသကတဉာဏ် အလင်းကလေး လည်း ဒီဒကာ ဒကာမတွေ ရှိနေပါပြီ၊ ရုပ်နာမ်သိတဲ့အလင်း

ဉာဏ်ကလေးကော . . . (ရှိပါတယ်ဘုရား)။ အဲ-အလင်းကလေး နှစ်လင်းတော့ ရပြီ၊ အမှောင်က ဘယ်နှချက် အုပ်နေသတုံး . . . (ငါးချက်ပါ)။ ရတာက-၂၊ အုပ်နေသေးတာက ၃-ဆိုရင် ကိုစောမောင် မထေမိဘူး။ ထေမိပါ့မလား . . . (မထေမိပါဘူး)။

အဲဒါကြောင့် အဆုံးထိအောင် ခင်ဗျားတို့ အလုပ်လုပ်ပြီး သွားကြရလိမ့်မယ်ဆိုတာ သဘောပါပြီလား . . . (ပါပါပြီ)။

**ကဲ-ယနေ့ ဒီတွင် တော်ပါအုံး . . . ။**

**သာဓု . . . သာဓု . . . သာဓု။**